ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ တနင်္လာနေ့၊ (31-7-2006) (၅၀၃၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားလာရန် စေ့ဆော်ပေးနိုင် တန်ဖိုးကို သိခြင်းဖြင့် တန်ဖိုးထားတတ်လာမည်ဖြစ်သလို လေးနက်မှုကိုထိတွေ့ရင်း အလေးအနက်ပြုတတ်လာမည် ပြည်သူများစိတ်ဓာတ်ရေးရာအခြေခံ ရင့်သန်ခိုင်မာရေး စာပေ၊ ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် စည်းရုံးမြှင့်တင် (၁၄)ကြိမ်မြောက်ပြိုင်ပွဲကြီးကို နေပြည်တော်၌ အနှစ်သာရရှိရှိ စည်စည်ကားကားကျင်းပနိုင်ရေးညှိနှိုင်းဆောင်ရွက်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်

(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်

(၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်

(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်

(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်

(၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမို ရှင်သန်ခိုင်မာစေရန်

နေပြည်တော် ဇူလိုင် ၃၀

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယကများ ပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသည့် အနုပညာရပ်များ အရှည်တည်တံ့စေပြီး ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံး၌ အခြေခိုင်မာ ပြန့်ပွားရေး၊ အနုပညာရှင် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ရှင်သန်ရေးစသည့် မွန်မြတ်သော ရည်မှန်းချက်များအတွက် ၁၉၉၃ ခုနှစ်မှစတင်ပြီး ဆို၊က၊ရေး၊တီး ပြိုင်ပွဲများကို နှစ်စဉ် ကျင်းပလာခဲ့ရာ ယခုအခါ (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကို နေပြည်တော်မှာ ပထမဆုံးကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၁-၇-၂၀၀၆
(တနင်္လာနေ့)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အလေးထား

မြန်မာနိုင်ငံသည် သဘာဝတောတောင် ရေမြေအလှအပများဖြင့် ပြည့်စုံသည့်အပြင် အခြားသော ကုန်းတွင်းနိုင်ငံများတွင် မရှိတော့သော တောတောင်ရေမြေနှင့် ဇီဝမျိုးစုံ မျိုးကွဲများ၊ သားငှက်နှင့်တောရိုင်း တိရစ္ဆာန်များကို ပိုင်ဆိုင်လျက်ရှိသည်။

ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်ရန် အလားအလာရှိသည့် ဇီဝမျိုးစုံ မျိုးစိတ် ၁၄၄ မျိုးအနက် ကိုးမျိုးမှာ မြန်မာနိုင်ငံတွင်သာ တွေ့ရှိနိုင်ကြောင်း သိရသည်။

ကမ္ဘာပေါ်၌ မျိုးသုဉ်းလုနီးပါးဖြစ်လာသော ကျားများရေရှည် ရှင်သန်နိုင်ရေးအတွက် အမေရိကန်အခြေစိုက် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (WCS) က စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ရာ အိန္ဒိယနိုင်ငံ နာဂါရာဟို အမျိုးသားဥယျာဉ်၊ ရုရှားအရှေ့ဖျားနယ်မြေ၊ မြန်မာနိုင်ငံဟူးကောင်းချိုင့်ဝှမ်းဒေသ၊ ထိုင်းနိုင်ငံ ဟွေခခန်နှင့် သောင်ယိုင် ဘေးမဲ့တောတို့ ပါဝင်သည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသသည် ဇီဝမျိုးစုံကြွယ်ဝပြီး ဧရိယာ ကျယ်ဝန်းသော နေရာဖြစ်၍ ကျားကောင်ရေတိုးမြင့်လာစေရေး အစီအစဉ်အရ အမဲလိုက်မှု တားဆီးရေးနှင့် ကျားများအား ထိန်းသိမ်းစောင့်ရှောက်ရေးအခြေခံဗဟုသုတများ ဖြန့်ဝေသွားမည်ဟု သိရသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု ကာကွယ်ရေးအတွက် သစ်တော၊ ရေမြေ တွင်းထွက်သယံဇာတအရင်းအမြစ်များ၊ အဏ္ဏဝါသယံဇာတအရင်းအမြစ်များနှင့် အခြားသဘာဝသယံဇာတအရင်းအမြစ်များအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိသည်။

သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ သစ်တောများ၊ သဘာဝနယ်မြေများ၊ သစ်တောစိုက်ခင်းများ ပျိုးထောင်ထိန်းသိမ်းခြင်း၊ ဘေးမဲ့တောများ၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး နယ်မြေများထူထောင်ခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိနေပြီဖြစ်သည်။

သားငှက်တိရစ္ဆာန်၊ အပင်နှင့်ငါးများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ သဘာဝသစ်တောများကို တောင်ယာခုတ်၍ စိုက်ခင်းများပြုလုပ်ခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းခြင်းတို့သည် ဇီဝမျိုးစုံ မျိုးကွဲများ ရေရှည်တည်တံ့ရေးကို ထိခိုက်စေသဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

နိုင်ငံအတွင်းရှိ ရေမြေသဘာဝသယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်းနှင့် ဆက်စပ်သက်ဆိုင်လျက်ရှိရာ သစ်တောများ၊ ရှားပါးသော သားငှက်နှင့် တောရိုင်းတိရစ္ဆာန်များ အပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူအားလုံးက ဆက်လက်၍ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့ သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိသားစု၏ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

[အမှတ်(၁) လျှပ်စစ်]

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၃၀

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိသားစု၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ စူရာမဏိ ရန်အောင်မြင်ကျောင်းတိုက်မှ ဆရာတော် ဦးအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက် ကြည်ညိုကြသည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်ထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလံ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်တို့အား ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ဦးအာဒိစ္စဝံသထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဇူလိုင် ၃၀

လယ်တီဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၉၈)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဩဂုတ်၈ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၅၃၄၃၂၉သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော အရိုးရောဂါ အကြောင်း ဟောပြော

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော အရိုးရောဂါများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရန်ကင်း ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အရိုးရောဂါ အထူးကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်က အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော အရိုးရောဂါများနှင့် ပတ်သက်၍ ရှင်းလင်း ဟောပြောကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်သောမိဘများအားအမှူးထား၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် မနော်ဟရီရိပ်သာ ဗဟိုလမ်းနေ ဒေါက်တာ စန်းထင်အောင်-မဉမ္မာခင်၊ သားဖွဲ့ထင်အောင်၊ သမီး သဇင်ထင်အောင်မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော်ငွေ ကျပ်တစ်သိန်းတစ်ထောင်ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဩဂုတ် ၁၂ရက်မှ ၂၁ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (Asian Cricket Council Trophy ၂၀၀၆) ခရစ်ကက် အားကစားပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ခရစ်ကက် အားကစားအသင်းအား မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် ခရစ်ကက် အားကစားအသင်းခေါင်းဆောင် ဦးကျော်နိုင်နှင့် အတူတွေ့ရစဉ်။ (ခရစ်ကက်အဖွဲ့ချုပ်)

အလှတွင်အယဉ်ဆင့် အမြင့်တင့်စေချင်

ခင်ဦး

“စည်းကမ်းဆိုတဲ့ ဒီစကား ကြားရသူတိုင်းမှာ အတွေးဂယက်မှာ အလေးအနက်သာ ထားသင့်ကြတာ၊ စာလုံးလေး တေးအက္ခရာ နှစ်လုံးတည်းသာဆိုပြန်ရာ တွေးကြည့်ပါမှသာ တန်ဖိုးအနဂ္ဃ ထိုက်တန်ပေတာ…”

ဒေါ်မေလှမြိုင်ဆိုသည့် စည်းကမ်းဟူသော သီချင်းလေးကို ရေဒီယိုက ကြားလိုက်ရသည်နှင့် ကျွန်မရင်ထဲမှ ခံစားချက်များသည် အတွေးများ အသွင်ပြောင်း၍ ဦးနှောက်ထဲသို့ ရောက်ရှိလာပါသည်။

လူသားတို့၏ဘဝရပ်တည်မှုအတွက် ဘောင်ခတ်သတ်မှတ်ထားသော တန်ဖိုးကြီးမားသည့်အရာမှာ စည်းကမ်းဖြစ်သည်။ စည်းကမ်း၏အနက် အဓိပ္ပာယ်မှာ ပိုင်းခြားသတ်မှတ်ထားခြင်းဟူ၍ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ရပ်ရေးရွာရေးများမကျန် ကဏ္ဍအလိုက် သတ်မှတ်ထားသော စည်းကမ်းအမျိုးမျိုး ရှိကြသည့်အနက် ယဉ်ကျေးမှုဓလေ့ထုံးစံများသည်လည်း လူမျိုးတစ်မျိုး၏ စည်းကမ်းများဖြစ်ရာ မိမိလူမျိုး၊ မိမိနိုင်ငံ၏ဂုဏ်သိက္ခာကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ရန်အတွက် ယဉ်ကျေးမှုစည်းကမ်းများကို လိုက်နာကျင့်သုံးရေးသည် တိုင်းရင်းသားပြည်သူများ၏ တာဝန်ဖြစ်ပါသည်။

ယဉ်ကျေးမှုစည်းကမ်းများအနက် ယနေ့မြန်မာအမျိုးသား၊ အမျိုးသမီးငယ်အချို့၏ ဝတ်စားဆင်ယင်မှုမှာ မိမိယဉ်ကျေးမှုနှင့် မဆီလျော်သည့် တိုင်းတစ်ပါး သရုပ်ပျက် ဝတ်စားဆင်ယင်မှုကို အတုယူဝတ်ဆင်နေကြသည်ကို တွေ့ရှိနေရပါသည်။

စင်တင်တေးဂီတဖျော်ဖြေပွဲတစ်ခုသို့ ခင်ပွန်းသည်နှင့်အတူ သွားကြည့်ခဲ့၏။ ကျွန်မတို့အတန်း၏ ရှေ့တန်း၌ အမျိုးသမီး ခုနစ်ယောက် ထိုင်နေသည်။ ထူးခြားစွာပင် ခုနစ်ယောက်စလုံး နောက်ကျောပြောင်ကြီးတွေနှင့်ဖြစ်၏။ ကျောတစ်ခုလုံး အင်္ကျီပိတ်စ အသားမရှိ၊ ရှေ့တွင်သာ အင်္ကျီပိတ်စပါပြီး နောက်ဘက်၌ အင်္ကျီပိတ်စ လုံးဝမပါသည်ကို အံ့သြစွာတွေ့ရ၏။ ဆံပင်များမှာလဲ တစ်ယောက်မျှ အနက်ရောင်မဟုတ်ကြပါ။ အနီ၊ အပြာ၊ ရွှေဝါ၊ အညို အရောင်စုံစွာ တွေ့ရ၏။ ကျွန်မမှာ ကြားထဲက သူတို့အစား မျက်နှာပူပြီး ရှက်နေမိပါသည်။ ဒီဇင်ဘာလဖြစ်ပြီး ခန်းမထဲတွင် ဖွင့်ထားသည့် လေအေးစက် အရှိန်နှင့်ပါ ရော၍ အေးစိမ့်နေရာ ဤမျှလောက် အေးနေသော အခန်းထဲ၌ ကျွန်မတို့ကသာ အနွေးထည်များဖြင့် ချမ်းနေသော်လည်း ထိုမိန်းကလေးများမှာ ချမ်းပုံမရကြ။ အလှပြချင်လွန်း၍ အချမ်းခံ နေကြသည်လား မသိနိုင်။

တစ်ခါတွင်လည်း ဆိုင်တစ်ဆိုင်၌ သားဖြစ်သူနှင့် အအေးဝင်သောက်၏။ ကျွန်မတို့စားပွဲနှင့် မျက်စောင်းထိုးစားပွဲတွင် ကောင်လေးနှစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ကော်ဖီသောက်နေကြသည်။ ကောင်လေးတစ်ယောက်မှာ မျက်ခုံးနှစ်ခုကြား ဘယ်ဘက်မျက်ခုံး ဘက်တွင် ကွင်းတစ်ခု၊ နှာခေါင်းတွင် ကွင်းတစ်ခု၊ မေးစေ့တွင် ကွင်းတစ်ခု ဖောက်ပြီးတပ်ထား၏။ ၎င်းတို့အဖွဲ့မှ နောက်ကောင်လေး တစ်ယောက်မှာ နားတွင် နားပေါက်ခြောက်ပေါက် ဖောက်ထားပြီး နားကပ်ငါးခု၊ နားကွင်းတစ်ခုတပ်ထား၏။ ကျွန်မမှာ မျက်စိများ မှားသလားထင်ပြီး အိတ်ထဲမှ မျက်မှန်ထုတ်ကြည့်လိုက်မိသည်။ နောက်ထပ်တွေ့လိုက်ရခြင်းမှာ ကောင်မလေး၏ချက်တွင် ကွင်းတပ်ထားခြင်းပင်။ ကျွန်မမှာ ကြက်သီးမွေးညင်းများ ထသွားမိသည်အထိ အံ့သြယူရ၏။

တစ်ရက်တွင် သမီးဖြစ်သူနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ ဈေးဝယ်ထွက်ခဲ့သည်။ အမျိုးသမီးဝတ်စုံများရောင်းသည့်ဆိုင်မှ မိန်းကလေးမှာ ချစ်စရာကောင်းပြီး စကားပြောချိုသာသည်။ ရယ်ဒီမိတ်အင်္ကျီ၊ လုံချည်များနှင့် အမျိုးသမီးသုံး ပစ္စည်းအဆန်းကလေးများရောင်း၏။ အဆိုပါမိန်းကလေးဈေးရောင်းရင်း စကားပြောလျှင် လည်းကောင်း၊ ရယ်လိုက်လျှင်လည်းကောင်း လက်ခနဲ လက်ခနဲဖြစ်သွားသည်ကို တွေ့ရပါသည်။ သေသေချာချာကြည့်မှ သွားတွင် စိန်တပ်ထားခြင်းပေတည်း။ ဈေးဝယ် မိန်းကလေး နှစ်ယောက်က အိန္ဒိယမှလာသော အဝတ်တစ်ခုကို ဖြန့်ကြည့်နေ၏။ ရောင်းသူမိန်းကလေးရှင်းပြနေပုံမှာ ၎င်းအစသည် ပတ်ထဘီဖြစ်ကြောင်း၊ ယခု သူဝတ်ထားသော ထဘီသည်လဲ ပတ်ထဘီဖြစ်ကြောင်း၊ အိန္ဒိယမှလာကြောင်း တစ်ဆက်တည်းရှင်းပြ၏။ ဖြန့်လိုက်လျှင် မချုပ်ထားသော ပိတ်စတစ်ခုနှင့် ဘာမျှမခြားသည်ကို ထဘီလုပ်ပြီး ဝတ်နေခြင်းပင် ဖြစ်သည်။ တစ်ဖန် ဈေးဝယ်ကောင်မလေးများ၏ ရင်ညွန့်တွင် လက်လက်လက်လက် အတန်းကလေးများတွေ့ရ၍ အနားသို့ ကပ်ကြည့်သောအခါ ငွေရောင်ရွှေရောင် ကြယ်ပုံ၊ပန်းပွင့်ပုံ ကပ်ခွာကလေးများ အတန်းလိုက် ပုံဖော်၍ ကပ်ထားကြ၏။ ရင်ညွန့်တွင်သာမက မျက်စိအောက်ရှိ ပါးရိုးပေါ်တွင်လဲ ကပ်ထားကြသေး၏။ဆိုင်ရှင်၏ အဆိုအရ ထိုပစ္စည်းလေးများကို “မှုတူး”ဟု ခေါ်ကြောင်း သိရသည်။

တစ်ညနေခင်းတွင် ကျွန်မတို့မိတ်ဆွေတစ်စု ရန်ကုန်–ပြည်လမ်းမကြီးအတိုင်း ကားတစ်စီးဖြင့် မောင်းလာကြပါသည်။ အင်းလျားကန်စောင်း တစ်နေရာအရောက်တွင် ကားမောင်းသူ ညီမလေးက လမ်းဘေးသို့ ကားကိုအလန့်တကြားထိုးရပ်လိုက်၏။ ကျွန်မတို့လည်း ရုတ်တရက် ထိတ်လန့်သွားပြီး ဘာဖြစ်တာလဲဟု မေးသောအခါတွင် ဘာမှမပြောနိုင်ဘဲ တစ်နေရာသို့ လက်ညှိုးသာထိုးပြ၏။ သူမလက်ညှိုးထိုးသည့်နေရာကို ကြည့်လိုက်ရာတွင် လမ်းလျှောက်လာသော စုံတွဲတစ်တွဲကို တွေ့ရ၏။ ကောင်လေး၏ဆံပင်မှာ ဆံပင်များကို အစုလိုက် ငါးနေရာစုပြီး ကော်နှင့် ကပ်၍ ထောင်ထားပြီး အင်္ကျီ၊ ဂျာကင်နှင့် ဘောင်းဘီများတွင်လဲ သံကြိုး၊ စတီးကြိုးများဖြင့် တွဲယှက်ချည်နှောင်ထားသဖြင့် ရှုပ်ယှက်ခတ် နေသည်။ ကောင်မလေး ဆံပင်မှာလည်း တစ်ပေခန့် အချွန်ကြီးလုပ်ပြီး ငယ်ထိပ်တည့်တည့်မှာ တစ်ပင်တည်း ထောင်ထား၏။ အရောင်လည်း ဆိုးထား၏။ အင်္ကျီမှာ စွပ်ကျယ်သေးသေးလေးကို ကျပ်ကျပ်သပ်သပ် ဝတ်ထားပြီး ဘောင်းဘီနှင့်အင်္ကျီမှာ လက်တစ်ဝါးခန့် လွတ်နေ၏။ ကျွန်မတို့မှာ နေဝင်ရီတရောအချိန်လဲဖြစ်၍ မကောင်းဆိုးဝါးများအလား ထင်ပြီး အားလုံးကြောင်ကြည့်နေမိ၏။ စိတ်ထဲမှာလဲ တခြားကမ္ဘာက ဂြိုဟ်သားတွေများလားဟု သံသယဖြစ်မိသည်အထိ တအံ့တသြဖြစ်ခဲ့ရပါသည်။

အခြားအမြင်မတော်မှုတစ်ခုမှာ အမျိုးသမီးငယ်ရွယ်လတ်များ ဘောင်းဘီကိုစပို့ရှပ်၊ လက်ပြတ်ကျပ်ကျပ်နှင့် တွဲဝတ်ပြီး ထိုင်သည့်အခါများတွင်ဖြစ်ပါ၏။ နောက်ကျောဘက်၌ အင်္ကျီကအပေါ်တို တက်ကာ ဘောင်းဘီကအောက်ကိုကျဖြင့် “ယိုသူမရှက်မြင်သူရှက်” ဆိုတာ တယ်မှန်ပါလားဟု သုံးသပ်မိပါသည်။

ဤကဲ့သို့သော လူငယ်လူရွယ်တချို့၏ ဝတ်စားဆင်ယင်မှုများကို ကြည့်မည်ဆိုလျှင် မြန်မာ့ယဉ်ကျေးမှု၏ ဘောင်အပြင်ဘက်သို့ စည်းလွတ်ဝါးလွတ် ရောက်ရှိနေကြောင်း တွေ့မြင်နိုင်ပါသည်။ ခေတ်မီစွာ လုပရေးထက် တိုင်းတစ်ပါး ပုံစံအတုခိုးကာ စတိုင်ထုတ်နေကြခြင်း ဖြစ်ပါ၏။ **ခေတ်ရေစီးကြောင်းအလိုက် လှပသိမ်မွေ့စွာ ဝတ်စားဆင်ယင်မှုများကို အပြစ်မပြောလိုသော်လည်း မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက်နှင့် ကိုက်ညီဆီလျော်အောင် တိုင်းတစ်ပါးယဉ်ကျေးမှုများ မျက်လုံးစုံမှိတ်ပြီး ပုံတူကူးချခြင်းမျိုးမဖြစ်အောင် ယဉ်ယဉ်ကျေးကျေး ဝတ်ဆင်ကြရန် လိုအပ်မည်**ဟု ထင်ပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်ယဉ်ကျေးမှုဖြင့် သမိုင်းအစဉ်အလာ ကြီးမားခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နှလုံးသည်းပွတ်နှင့်တူသော မြန်မာ့ယဉ်ကျေးမှုကို အသက်နှင့်ထပ်တူ စောင့်ထိန်းအပ်ပါသည်။ **မြန်မာအမျိုးသမီးဟု ဆိုလိုက်သည်နှင့် ထဘီနှင့်အင်္ကျီကို ဣန္ဒြေရရ ဝတ်ဆင်သူဟု နိုင်ငံတကာမှ သိကြပါ၏။** မြန်မာအမျိုးသမီးတို့၏လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး အလှဖော်ကျူးမှုသည် ဟီရိဩတ္တပ္ပတရားကို အခြေခံပြီး ဝတ်စားဆင်ယင်တတ်ခြင်းပင်ဖြစ်၏။ မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် အလိုက်ဖက်ဆုံးအရောင်မှာ ပိတုံးရောင်ကေသာ ဖြစ်ကြောင်း ယနေ့လူငယ်များ သတိပြုသင့်ပြီဖြစ်သည်။ ယနေ့ မျိုးဆက်သစ် မြန်မာအမျိုးသမီးငယ်တို့ **“ယဉ်ကျေးစွာလှပနည်း”**ကို အတုယူအားကျစေလိုပါသည်။

အနောက်တိုင်းယဉ်ကျေးမှုကို တုပဆင်ယင်နေသူတို့သည် ၎င်းတို့၏ သရုပ်ပျက်၊ မပေါ့တပေါ်၊ မလုံမခြုံ ဝတ်စားဆင်ယင်ထားမှုကို ၎င်းတို့ဘာသာတော့ အကျေနပ်ကြီး ကျေနပ်ကာ ဆန်းသစ်သည်ဟု ထင်ကြပေလိမ့်မည်။ ၎င်းတို့၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်း ကွက်ကွက်ကလေးကြားတွင်လည်း ခေတ်ဆန်သည်၊ ထူးခြားဆန်းပြားပါပေသည်ဟု ထင်ကောင်းထင်ကြပါလိမ့်မည်။ သို့ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူ့ဘောင်ကို တန်ဖိုးထား လေးစားသူများကမူ မနှစ်မြို့ကြဘဲ မိမိယဉ်ကျေးမှုကို ဖျက်ဆီးနေသူများအဖြစ် ပြစ်တင်ရှုတ်ချကြမည်မှာ ဧကန်မလွဲပင် ဖြစ်ပါသည်။

အရှက်လုံမှ အလှခြုံမည်ဖြစ်ကြောင်းကို သတိချပ်သင့်ပေသည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် လုပ်သင့်လုပ်ထိုက်သော အမှုကိစ္စများလည်း ရှိသည်။ မလုပ်သင့်မလုပ်ထိုက်သော ကိစ္စများလည်းရှိသည်။ ထိုအမှုကိစ္စနှစ်မျိုးစလုံးကို နယ်နိမိတ်အနေဖြင့်လည်းကောင်း၊ အရန်အတားအနေဖြင့်လည်းကောင်း၊ ပိုင်းခြားသတ်မှတ်ထားခြင်းကို စည်းကမ်းဟုခေါ်ပါ၏။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာရန်ပျက်ကွက်ပါက အသက်ဆုံးရှုံးနိုင်သည်အထိ ဘေးအန္တရာယ် ကြုံတွေ့နိုင်ကြသလို ယဉ်ကျေးမှုစည်းကမ်းမရှိလျှင် နိုင်ငံ၏ဂုဏ်သိက္ခာကျဆင်းပြီး အမျိုးပျောက်မှာ စိုးကြောက်ပါရသည်အထိ တစ်မျိုးသားလုံးအတွက် အန္တရာယ်ကြီးမားကြောင်း သတိချပ်စေလိုပါသည်။ လူမျိုးပါပျောက်၍ နိုင်ငံ၏ဂုဏ်သိက္ခာ ကျဆင်းနိုင်သော အရေးကြီးဆုံး စည်းကမ်းမှာ ယဉ်ကျေးမှုစည်းကမ်း ဖြစ်ပါသည်။

ယနေ့ မျိုးဆက်သစ်အမျိုးသား၊ အမျိုးသမီးငယ်များသည် မိမိနိုင်ငံနှင့် လူမျိုး၏ယဉ်ကျေးမှုအစဉ်အလာကို စောင့်ထိန်းပြီး မြန်မာ့ ယဉ်ကျေးမှုဘောင်အတွင်းမှ ယဉ်ကျေးသိမ်မွေ့စွာ အလှဆင်ခြင်းဖြင့် တိုင်းတစ်ပါးမှ ထိုးဖောက်ဝင်ရောက်လာသော စည်းလွတ်ဝါးလွတ် သရုပ်ပျက်ယဉ်ကျေးမှုများကို တားဆီးကာကွယ်ကြပါစို့၊ မိဘမောင်ဖွား ဆွေမျိုးသားချင်းများကလည်း မကောင်းမြစ်တာ ကောင်းရာညွှန်လတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ယနေ့ မျိုးဆက်သစ်အမျိုးသား၊ အမျိုးသမီးငယ်များသည် မိမိနိုင်ငံနှင့် လူမျိုး၏ယဉ်ကျေးမှုအစဉ်အလာကို စောင့်ထိန်းပြီး မြန်မာ့ယဉ်ကျေးမှု ဘောင်အတွင်းမှ ယဉ်ကျေးသိမ်မွေ့စွာ အလှဆင်ခြင်းဖြင့် တိုင်းတစ်ပါးမှ ထိုးဖောက်ဝင်ရောက်လာသော စည်းလွတ်ဝါးလွတ် သရုပ်ပျက်ယဉ်ကျေးမှု များကို တားဆီးကာကွယ်ကြပါစို့။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သီရိမင်္ဂလာရိပ်သာလမ်းနေ ကွယ်လွန်သူ ဦးမြသောင်း ဒေါ်စန်းအားရည်စုး၍ ဦးတိုးဝင်း၊ ဒေါ်ခင်မြမြစမ်း၊ ဦးသိန်းထွန်းအောင်–ဒေါ်ထွေးထွေးရီ မိသားစုက သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဦးအေးကြူ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကာ–ပ)

ဇူလိုင် ၂၄ရက်က တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် အမက(၇)တွင် အမှိုက်ကင်းစင်ရေးကျောင်းအဖြစ် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြစဉ်။ (ကာ–ပ)



၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ ကျင်းပမည့် အမျိုးသား အားကစားရုံအဆောက်အအုံအား တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် တည်ဆောက်လျက်ရှိသည်ကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကြောင့် လက်ဘနွန်နိုင်ငံ စီးပွားရေး ထိခိုက်

ဘေရွတ် ဇူလိုင် ၂၉

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ၏ အကျိုးဆက်ကို လက်ဘနွန်နိုင်ငံ ခံစားရကြောင်း၊ ယင်းနိုင်ငံ၏ စီးပွားရေးအခြေခံအဆောက်အအုံမှာ ထိခိုက်ပျက်စီးရကြောင်း စီးပွားရေးပိုင်းခြားလေ့လာသူများက ဇူလိုင် ၂၈ ရက်တွင် ပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံသည် ပြည်တွင်းစစ်ကြောင့် စီးပွားရေးကျဆင်းခဲ့ရမှုမှ ပြန်လည် နာလန်ထူလာစေရန် ကြိုးပမ်းနေစဉ်မှာပင် စီးပွားရေးအခြေခံ အဆောက်အအုံ ပျက်စီးရမည့်အခြေအနေနှင့် ရင်ဆိုင်ရသည်။

လက်ဘနွန်နိုင်ငံရှိအခြေခံအဆောက်အအုံမှာ အစ္စရေး၏ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းတို့မှ တိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးရသည်။ လမ်းများ၊ တံတားများ၊ ကောက်ပဲသီးနှံ သိုလှောင်ရာနေရာများမှာ အစ္စရေး၏ဖုံးဒဏ်ကို ခံရသည်။ ဘေရွတ်နိုင်ငံတကာလေဆိပ် လေယာဉ်ပြေးလမ်းမှာလည်း တိုက်ခိုက်ဖျက်ဆီးခံရသည်။ လက်ဘနွန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာလည်း စစ်ဘေးစစ်ဒဏ်ကို ခံလိုက်ရသည်။

လက်ဘနွန်နိုင်ငံကို တစ်ချိန်တစ်ခါက အရှေ့အလယ်ပိုင်း ဒေသ၏ ဆွစ်ဇာလန်နိုင်ငံဟူ၍ တင်စား ခေါ်ဝေါ်ခဲ့သည်။ သို့ရာတွင် ၁၉၇၅ မှ ၁၉၉၀ ပြည့်နှစ်အထိ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မီးမှ ပြန်လည် နာလန်ထူစ လက်ဘနွန်နိုင်ငံသည် လက်ရှိဖြစ်ပေါ်နေသော စစ်ရေးပဋိပက္ခ၏ အကျိုးဆက်ကိုလည်း တွေ့ကြုံခံစားရပြီ ဖြစ်သည်။

မြို့တော်ဘေရွတ်ရှိ စတော့ရှယ်ယာဈေးကွက်မှာ တိုက်ခိုက်နေမှုများကြောင့် ချက်ချင်းပိတ်လိုက်ရသည်။ တိုက်ခိုက်မှုများဖြစ်ပေါ်လာခဲ့ပြီးနောက် စိုးရိမ်ထိတ်လန့်နေသော ဒေသခံပြည်သူများသည် ဘဏ်များတွင် ထားရှိသည့် ၎င်းတို့၏ ငွေကြေးများကို အလုအယက်ထုတ်ယူနိုင်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင်ဘဏ်များကအမေရိကန်ဒေါ်လာ၁၀၀၀အထက်ရှိ ငွေကြေးပမာဏကို ထုတ်ပေးခြင်း မရှိပေ။ ***အင်တာနက်။***

အဲဘတ်စ်ဂျက်လေယာဉ်များ စင်ကာပူလေကြောင်း ဝယ်မည်

စင်ကာပူ ဇူလိုင် ၂၉

စင်ကာပူ လေကြောင်းဌာန သည် ဥရောပလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် အဲဘတ်စ်ကုမ္ပဏီ ထံမှ အေ-၃၅၀ အမျိုးအစား စူပါဂျမ်ဘိုလေယာဉ် အစင်း ၂၀နှင့် အေ-၃၈၀ အမျိုးအစား စူပါဂျမ်ဘိုအမျိုးအစား လေယာဉ် ကိုးစင်းတို့ကို ဝယ်ယူမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၈ ရက်တွင် ပြောကြားသည်။

ဥရောပလေယာဉ် ထုတ်လုပ်ရေး အဲဘတ်စ်အုပ်စုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ဘီလီယံ တန်ဖိုးရှိ လေယာဉ်များဝယ်ယူရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း၊ နောက်ထပ်လေယာဉ်များ ဝယ်ယူနိုင်ရန်လည်း ယင်းသဘောတူညီချက်တွင် ဖော်ပြထားကြောင်း၊ စင်ကာပူ လေကြောင်းဌာနသည် အနာဂတ်ကာလတွင် အေ-၃၅၀ လေယာဉ်အမျိုးအစား လေယာဉ် အစင်း ၂၀နှင့် အေ-၃၈၀အမျိုးအစား နှစ်ထပ်လေယာဉ် ခြောက်စင်း ဝယ်ယူရန်လည်း သဘောတူညီချက်ကို တိုးချဲ့နိုင်ကြောင်း စင်ကာပူလေကြောင်း အမှုဆောင်အရာရှိချုပ် ချူးချွန်ဆန်က ပြောကြားသည်။

ပေးပို့မည်

စင်ကာပူလေကြောင်းသည် ၂၀၁၂ ခုနှစ်တွင် လေယာဉ်များ စတင်ရရှိမည်ဖြစ်ကြောင်း နှစ်ကာလအပိုင်းအခြားအလိုက် လေယာဉ်များ ရရှိမည်ဖြစ်ပြီး ၂၀၁၄ခုနှစ်အထိ လေယာဉ်များ တစ်သုတ်ပြီးတစ်သုတ် ပေးပို့မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

ဂျပန်နိုင်ငံ မြို့တော် တိုကျိုရှိ အီလက်ထရွန်နစ် အရောင်းဆိုင်တစ်ဆိုင်တွင် နောက်ဆုံးပေါ် အယ်လ်စီဒီရုပ်မြင်သံကြားစက်များ ပြသထားသည်ကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံအင်တာနက်)

ဂြိုဟ်တု ၁၈လုံး သယ်ဆောင်သွားသည့် ရုရှားဒုံးပျံပျက်ကျ

မော်စကို ဇူလိုင် ၂၉

ဂြိုဟ်တု ၁၈လုံးကို သယ်ဆောင်သွားသည့် ရုရှားဒုံးပျံတစ်စင်းသည် ဇူလိုင် ၂၆ ရက်က ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနူးအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ လွှတ်တင်ပြီး မကြာမီမှာပင် ပျက်ကျသွားကြောင်း ရုရှားအာကာသအေဂျင်စီက ဇူလိုင် ၂၇ရက်တွင် ကြေညာသည်။

ပျက်စီးသွားသောဒုံးပျံမှာ ဒူပရာရ်ဒုံးပျံဖြစ်ပြီး ယင်းနှင့်အတူ ရုရှား၊ ဘီလာရုစ်၊ အီတလီနှင့် အမေရိကန်နိုင်ငံတို့က ပိုင်ဆိုင်သော ဂြိုဟ်တုများကို သယ်ဆောင်ထားသည်။ ထိုဒုံးပျံသည် ဗိုင်ကိုနော‌အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ တောင်ဘက် ၂၅ ကီလိုမီတာအကွာ မြေပြင်ပေါ်သို့ ပျက်ကျခဲ့သည်ဟု ရုရှားအာကာသအေဂျင်စီ၏ ဒုတိယအကြီးအကဲ ယူရီနိုဆင်ကိုက ပြောကြားသည်။

ဒုံးပျံယာဉ် လွှတ်တင်အပြီး ၈၅ စက္ကန့်အကြာတွင် ဒုံးအင်ဂျင်ကို အရေးပေါ် ရပ်ဆိုင်းပစ်ခဲ့ရကြောင်း မော်စကိုမြို့ရှိ အာကာသယာဉ်ထိန်းချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်ကို အင်တာဖက်စ်သတင်းဌာနက ကိုးကား၍ ဖော်ပြသည်။ အခင်းဖြစ်ပွားမှုကြောင့် တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိပေ။

ဒုံးပျံ၏ပထမအဆင့်သည် လွှတ်တင်ပြီး မကြာမီမှာပင် ပြုတ်ထွက်သွားရန် စီစဉ်ထားသော်လည်း အစီအစဉ်အတိုင်း ပြုတ်ထွက်ခြင်းမရှိသည့်အတွက် ဒုံးအင်ဂျင်စက်ကို ရပ်ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း နိုဆင်ကိုက ပြောကြားသည်။

ဤပေါက်ကွဲမှုအဖြစ်အပျက်ကြောင့် ရုရှားအာကာသလုပ်ငန်းအစီအစဉ်များကို အကြီးအကျယ်ထိခိုက် စေနိုင်သည်ဟုဆိုသည်။ အခင်းဖြစ်ပွားစဉ်က ဘိုင်လိုရုရှားသမ္မတနိုင်ငံ သမ္မတအလက်ဇန္ဒားလူကာရှင်ကိုသည် ယင်းနိုင်ငံ၏ ပထမဦးဆုံး ဂြိုဟ်တု လွှတ်တင်သည့်အခမ်းအနားကို ကြည့်ရှုအားပေးရန် ဘိုင်ကိုနူးအာကာသယာဉ်လွှတ်တင်ရေးစခန်း၌ ရောက်ရှိနေခဲ့သည်။

အင်တာနက်။

အင်ဒိုနီးရှား ဘင်ကူလူပြည်နယ်၌ ငလျင်လှုပ်၊ ထိခိုက်သူမရှိ

ဂျကာတာ ဇူလိုင် ၂၉

အင်ဒိုနီးရှားနိုင်ငံ ဘင်ကူလူပြည်နယ်၌ သောကြာနေ့က ပြင်းအား ၅ ဒသမ ၆ ရစ်ချ်တာစကေးရှိ မြေငလျင်လှုပ်သွားကြောင်း၊ ထိခိုက်သေဆုံးသူ မရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါမြေငလျင်သည် သောကြာနေ့ ဒေသစံတော်ချိန် ၁၄၁၇နာရီ (ဂရင်းနစ်စံတော်ချိန် ၀၇၁၇ နာရီ)တွင် လှုပ်သွားကြောင်း ပြည်နယ် ဘူမိရူပဗေဒဌာနအကြီးအကဲ အလီမူဇိန်းက ပြောကြားသည်။

မြေငလျင်မှာ အင်အားပြင်းထန်သော်လည်း မြေငလျင်ဗဟိုပြုရာ အရပ်မှာ ဝေးကွာလွန်းသဖြင့် ဒေသခံများမှာ မြေငလျင်လှုပ်သည်ကိုပင် မသိလိုက်ကြောင်း အလီမူဇိန်းက ပြောကြားသည်။

ဘင်ကူလူပြည်နယ်တွင် မကြာခဏ မြေငလျင်လှုပ်လေ့ရှိသည်။ ယခုရက်သတ္တပတ်အတွင်း ပြင်းအား ၃ ဒသမ ၃ ရစ်ချ်တာစကေးမှ ၃ဒသမ၆ ရစ်ချ်တာစကေးရှိ မြေငလျင် သုံးကြိမ်လှုပ်ခဲ့သည်။ ***အင်တာနက်။***

အစ္စရေးက ဗုံးကြဲတိုက်ခိုက်သဖြင့် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်းတွင် ပျက်စီးသွားသည့် အဆောက်အအုံများကို ဇူလိုင် ၂၈ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ပေါ်၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား ကန်တပ်ဖွဲ့များကို အိမ်ပြန်ခွင့်မပေး

ဝါရှင်တန် ဇူလိုင် ၂၉

ပြီးခဲ့သောနှစ်က အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်တပ်ဖွဲ့များအနက် အချို့သည် ဌာနေပြန်ရန် အချိန်စေ့နေပြီဖြစ်သည်။ သို့သော်လည်း ၃၅၀၀ခန့်ရှိသော တပ်ဖွဲ့များကို ပြန်ခွင့်မပေးသေးဘဲ နောက်ထပ်လေးလကြာ အီရတ်၌ ဆက်လက်တာဝန်ထမ်းဆောင်ရန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲက ညွှန်ကြားလိုက်သည်။ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ အီရတ်တပ်ဖွဲ့ အင်အားကို တိုးမြှင့်ရန် စီစဉ်ခြင်းဖြစ်သည်။

ဌာနေပြန်ရန် ဆိုင်းငံ့ထားခြင်းခံရသော အမေရိကန်တပ်ဖွဲ့များတွင် အမှတ် ၁၇၂ စထရိုက်ကာသံချပ်ကာ တပ်ဖွဲ့လည်းပါဝင်သည်။ ထိုတပ်ဖွဲ့သည် အလာစကာပြည်နယ် ဖို့ဒ်ဝိန်းရိုက်တွင် ဌာနချုပ်စခန်းတည်ရှိသော တပ်ဖွဲ့ဖြစ်သည်။ လောလောဆယ်အခြေအနေတွင် အမေရိကန်တပ်ဖွဲ့အင်အား ၁၃၀၀၀၀ ကို လျှော့ချသွားမည့် လက္ခဏာမတွေ့ရသေးပေ။

မိခင်နိုင်ငံသို့ ပြန်ခွင့်ဆိုင်းထားခြင်းခံရသော တပ်ဖွဲ့ဝင်ဦးရေသည် ၂၅၀၀ ရှိကြောင်း ကနဦးသတင်းများက ဆိုသော်လည်း နောက်ပိုင်းသတင်းများတွင် ၃၅၀၀ အထိ တိုးလာသည်။

အီရတ်ရှိ ကန်တပ်ဖွဲ့များ၏ အကြီးအကဲ ဂျော့ကေစီက အမှတ် ၁၇၂ စထရိုက်ကာ သံချပ်ကာတပ်ဖွဲ့အား ဆက်လက်ထားလိုကြောင်း တင်ပြသည်ကို ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲက ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အမေရိကန် စစ်ဘက်နှင့် မရိန်းတပ်ဖွဲ့များကို အနာဂတ်တွင် အင်အား ၂၅၀၀၀ ထိ တိုးချထားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၉တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်ရှိ ဓမ္မမေဒိနီစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၉တိုက်မှ ပဓာန နာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် သုံးတိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇမ္ဗူအေးကျောင်းတိုက် ဂန္ဓာရုံကျောင်း ပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့က ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မင်းလွင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစု၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက လှူဒါန်းငွေကျပ် ၂၂၀၀၀၀၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ငွေကျပ်သုံးသိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၂၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်နှစ်သိန်း၊ မြောက်ဥက္ကလာပမြို့နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၄သိန်း၊ မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်မှ လုပ်ငန်းရှင် ၃၇ဦးက လှူဒါန်းငွေကျပ် ၂၁သိန်း၊ ဦးနိုင်ဝင်း–ဒေါ်ခင်မိုးဆွေ (ရွှေဝင်းကုမ္ပဏီ) က ငွေကျပ်သိန်း ၂၀၊ ရွှေပေါက်ကံ စက်မှုဇုန်လုပ်ငန်းရှင်များနှင့် ဦးကျော်ကျော်လှိုင် (Smark Technical Services)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးသန့်ဇင် (တော်ဝင်မြန်မာ မော်တော်ယာဉ် ထုတ်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု) က ငွေကျပ် ၃၃၀၀၀၀၊ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွန့်(ဘီတီဘီကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်း၊ ဦးခင်ဇော်– ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး)၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၊ ဦးခင်မောင်ဝင်း (စူပါမီဂါ လျှပ်စစ်လုပ်ငန်း)၊ ဦးကျော်ရွှေ (ရွှေမြန်မာ ပြည်တွင်းဖြစ်မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးဖေလှိုင် (SSI ကုမ္ပဏီဆေးဝါးထုတ်လုပ်ရေး)၊ ဦးအောင်ကြည်မြင့် (မင်းမဟာတာယာအလှိုင်း)၊ ဦးချစ်မွေး (သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်ခင်ဆွေဦး(ခ) ဒေါ်အေးအေးမော် (မြန်မာရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီ)နှင့် နိုင်ဂရုပ်ကုမ္ပဏီလီမိတက်တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် Co., Ltd.)၊ ကြက်ဆူပင် စိုက်ပျိုးရေးအဖွဲ့က ငွေကျပ် ၂၀၈၀၀၀၊ ဦးမြသိန်း (လူမှုထူးချွန် ဒုတိယဆင့်) ဂိုးလ်ရိုစ်ကော်ဖီမစ်၊ ဦးကြည်သိန်း (Marlar Auto Work)၊ ဦးလှကြည်–ဒေါ်အေးအေးသွယ် (သစ်ရောင်းဝယ်ရေး)၊ သီရိသုဓမ္မကုမ္ပဏီဇောတရေ ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး) ဓနအောင်ကုမ္ပဏီလီမိတက်၊ ဦးတင်အောင်–ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)၊ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာ ကုမ္ပဏီလီမိတက်)က ငွေကျပ် ၂၂၀၀၀၀၊ ဦးသန်းနိုင်–ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)က ငွေကျပ် ၁၅၀၀၀၀၊ ဦးသန်းမောင်–ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး)က ငွေကျပ် ၁၈၀၀၀၀ နှင့် ဦးတင်ဦး(Camel Co., Ltd.)က ငွေကျပ် ၁၁၀၀၀၀အပါအဝင် အလှူရှင် ၆၃ဦးတို့က အလှူငွေကျပ် ၁၈၇၈၆၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဓမ္မမေဒိနီ စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇာနေယျထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၈) အခြေခံပညာအလယ်တန်း ကျောင်းတို့မှ ကျောင်းသူလေးများက အရပ်(၁၀) မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြောက်ဥက္ကလာပမြို့နယ်ရှိဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၅၈၉အိတ်၊ ဆီ ၂၄၄ ပိဿာ၊ ဆား ၂၃၄၆ပိဿာ၊ တိုင်းရင်းဆေး ၄၂၀၁ဘူး၊ ပဲ ၄၄၉ပိဿာ၊ ဆပ်ပြာ၂၂၄၆တောင့်၊ သွားတိုက်ဆားဘူး ၄၄၉ ဘူးနှင့် အလှူရှင် ၆၃ ဦးတို့က ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၈၇၈၆၀၀၀ ဖြစ်သည်။

အလားတူ ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် စာသင်တိုက်ခုနစ်တိုက်နှင့် သီလရှင် စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင် စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၉ တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း မြောက်ဥက္ကလာပမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၉ တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များထံမှ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ အမျိုးသားရေး ပြန်လည်သင့်မြတ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သိမ်မွေ့နက်နဲမှုရှိ ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်လိုအပ်၊ အာဆီယံအနေဖြင့် အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် (၃၉)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ဇူလိုင် ၂၉ရက်က ပြန်လည်ရောက်ရှိခဲ့သည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်းအား တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၄ရက်တွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ လည်းကောင်း၊ ဇူလိုင် ၂၅ရက်တွင် ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့လည်းကောင်း တက်ရောက်ခဲ့သည်။ အလုပ်သဘောညစာစားပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ အမျိုးသားညီလာခံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံ၏ အမျိုးသားရေး ပြန်လည်သင့်မြတ်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် သိမ်မွေ့နက်နဲမှုရှိပုံများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းသို့ရှင်းလင်းပြောကြားမှုကြောင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် ယင်းအချက်ကို ထည့်သွင်းဖော်ပြခဲ့ပြီး ယင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အချိန်လိုအပ်ကြောင်းကို အသိအမှတ်ပြုလျက် အာဆီယံအနေဖြင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် အရှေ့အလယ်ပိုင်း၌ လတ်တလောဖြစ်ပွားနေသော ကိစ္စနှင့် ကိုရီးယားကျွန်းဆွယ်တွင် တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်မှုတို့အပေါ် အလေးအနက်ထား ဆွေးနွေးခဲ့ကြပြီး ယင်းကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများအနေဖြင့် စိုးရိမ်မကင်းဖြစ်ကြောင်းကို သီးခြားကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ ထို့အပြင် အရှေ့အလယ်ပိုင်းဒေသရှိ လက်ဘနွန်နိုင်ငံတွင် အစ္စရေးတို့ တိုက်ခိုက်မှုကြောင့် ပိတ်မိနေသည့် အာဆီယံ နိုင်ငံသားများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းရာတွင် သံရုံးမရှိသည့် အာဆီယံနိုင်ငံများမှ နိုင်ငံသားများ အတွက် ယင်းနိုင်ငံရှိ အခြားအာဆီယံ သံရုံးများက အကူအညီပေးရေးကိုလည်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ထို့အပြင် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ အာဆီယံမူဘောင် သဘောတူညီချက်ကိုလည်း အာဆီယံနိုင်ငံအားလုံးမှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်လက်မှတ်ထိုးခဲ့သည်။ ယင်းမူဘောင် သဘောတူညီချက်အရ နှစ်နိုင်ငံနောက်ဆက်တွဲ သဘောတူစာချုပ်များ ထပ်မံလက်မှတ်ရေးထိုးပြီးချိန်တွင် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် အာဆီယံ နိုင်ငံသားသည် အခြားအာဆီယံနိုင်ငံများသို့ ၁၄ ရက်အထိ ဗီဇာမလိုဘဲ သွားရောက်ခွင့် ရရှိနိုင်မည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်မှုသည် အာဆီယံ အသိုက်အဝန်း တည်ဆောက်မှု၏ ခြေလှမ်းတစ်ရပ်လည်း ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၆ရက်တွင် အာဆီယံနှင့် ဂျပန်၊ တရုတ်၊ ကိုရီးယားသမ္မတနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သည့် အာဆီယံ+၃ ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ခဲ့သည်။ ထို့အပြင် အရှေ့အာရှ ထိပ်သီးညီလာခံတွင် ပါဝင်တက်ရောက်သည့် နိုင်ငံ ၁၆နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး အရှေ့အာရှ ပထမအကြိမ် ထိပ်သီးအစည်းအဝေးမှ ခေါင်းဆောင်များ ချမှတ်ခဲ့သည့် လမ်းညွှန်မှုများကို အကောင်အထည် ဖော်ရေးအတွက် ညှိနှိုင်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အာဆီယံဝန်ကြီး အဆင့် အစည်းအဝေးအပြီး ဇူလိုင် ၂၇ရက်တွင် အာဆီယံနှင့်ဩစတြေးလျ၊ နယူးဇီလန်၊ အီးယူ၊ ကနေဒါ၊ ရုရှားဖက်ဒရေးရှင်းနှင့် အမေရိကန်ပြည်ထောင်စု စသည့် ဆွေးနွေးဖက်နိုင်ငံများနှင့် တစ်နိုင်ငံချင်းစီ ပြုလုပ်သည့် ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးများအပြီးတွင် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးတွင် နိုင်ငံအလိုက် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်မည့် နိုင်ငံများ အလှည့်ကျပြောင်းရွှေ့မှုကို ကြေညာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-နယူးဇီလန်နိုင်ငံ ဆက်ဆံရေးတွင် နိုင်ငံညှိနှိုင်းရေးမှူးအဖြစ် ၂၀၀၆ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ဆွေးနွေးဖက်နိုင်ငံများနှင့် ကျင်းပသည့်ဝန်ကြီးများအဆင့် အစည်းအဝေးများအပြီးတွင် အာဆီယံ-ကနေဒါ နိုင်ငံတကာ အကြမ်းဖက်မှုများ တိုက်ဖျက်ရေး ပူးတွဲကြေညာချက်ကို လည်းကောင်း၊ အာဆီယံ-အမေရိကန်ပြည်ထောင်စု မိတ်ဖက်တိုးမြှင့်ဆောင်ရွက်မှု ကြေညာချက်အား အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ်တို့ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၂၈ရက်တွင် ကျင်းပသည့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်(အေအာရ်အက်ဖ်)ဝန်ကြီးအဆင့် (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ၂၆နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့သည်။ ယင်းအစည်းအဝေးတွင် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးတွင် ပြည်သူများကို ဗဟိုပြုချဉ်းကပ်သည့် နည်းလမ်းကို အသုံးပြုရေးဆိုင်ရာ အေအာရ်အက်ဖ် ကြေညာချက်၊ ဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အေအာရ်အက်ဖ် ကြေညာချက်နှင့် ကွန်ပျူတာကွန်ရက်များကို ထိုးနှက်တိုက်ခိုက်မှုနှင့်အင်တာနက်ကို အလွဲသုံး၍ အကြမ်းဖက်မှုများ ကျူးလွန်ရန် သွေးထိုးမှုများကို တိုက်ဖျက်ရာတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အေအာရ်အက်ဖ် ကြေညာချက်တို့ကို ထုတ်ပြန်ခဲ့သည်။ ယင်းအစည်းအဝေးမှ အေအာရ်အက်ဖ်၏ ၂၇နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် သီရိလင်္ကာနိုင်ငံအား ၂၀၀၇ခုနှစ်တွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် အေအာရ်အက်ဖ်ဝန်ကြီးအဆင့် အစည်းအဝေးတွင် လက်ခံရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အစည်းအဝေးများ ကာလအတွင်းတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒါတိုဆေရီဆာအီဟာမစ် အယ်လ်ဘာအားလည်းကောင်း၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လီကျောက်ရှင်းအား လည်းကောင်း၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလက်ဇန္ဒားဒေါင်းနားအား လည်းကောင်း သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စများကို ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

အကျိုးတူကိစ္စရပ်များဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလက်ဇန္ဒားဒေါင်းနားအား တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ဆွေးနွေးစဉ်။ (သတင်းစဉ်)

✳ **တောင်သူများမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းတွင် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ဘားအံ-သထုံ ကားလမ်းပေါ်ရှိ ဝါးပိုးတောလမ်းဆုံ၌ ဆောက်လုပ်မည့် ယာဉ်စစ်ကွင်း မြေနေရာကိုလည်းကောင်း၊ ဒုံသမိတံတားကြံ့ခိုင်ကောင်းမွန်မှု အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းတစ်လျှောက်ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ်၏ တစ်မိုး နှစ်သီး ပထမမိုးစပါး စံပြစိုက်ကွင်း အမှတ်(၂၆၈)သို့ ရောက်ရှိကြပြီး တောင်သူဦးတင်သန်း၊ ဦးအောင်မြင့်၊ ဦးအေးမောင်တို့၏ ဆင်းသွယ်လတ်၊ ဘေးကြားစော၊ နဂယား၊ မနောသုခ စပါးစိုက်ခင်းဧက ၂၀၀ကို ကြည့်ရှုအားပေး၍ စိုက်ခင်းရှေ့တွင် ခင်းကျင်းပြသထားသော ယူရီးယား ပုလဲဓာတ်မြေဩဇာနှင့် မြေဆွေးများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က ဘီးလင်းမြို့နယ်တွင် မိုးစပါး ၁၄၆၄၁၈ ဧက လျာထားသည့်အနက် ဧက ၆၂၂၇၀ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မိုးစပါးတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစိန်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တောင်သူများ တစ်မိုး နှစ်သီး စိုက်ပျိုးကြရေးအတွက် တောင်သူများ ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ဆောင်နိုင်အောင် ပညာပေးစည်းရုံးကြရမည် ဖြစ်ကြောင်း၊ မွန်ပြည်နယ်တွင် သဘာဝကပေးသော အခြေအနေကောင်းများရှိနေ၍ တောင်သူများ စပါးပိုမို တိုးချဲ့စိုက်ပျိုးပါက စီးပွားရေးတိုးတက်မြင့်မားလာမှာကေန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး ဒေသခံပြည်သူများနှင့် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်ပြည်နယ်အနေဖြင့် ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၀သိန်း စိုက်ပျိုးရန် လျာထားပြီး ယခုအထိ ၅၆၃၃၉၅ ဧက စိုက်ပျိုးပြီးဖြစ်သည်။ ဧက ၁ ဒသမ ၄ သိန်းကို မိုးရာသီတွင် ဒုတိယမိုးစပါးအဖြစ် စိုက်ပျိုးမည်ဖြစ်၍ ယခုနှစ်တွင် တစ်မိုး နှစ်သီး စုစုပေါင်း ဧက ၂၁၃သမ၈ သိန်း စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။

ပြန်လည်ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဇူလိုင် ၃၀ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရာသီဥတုဒဏ်ကြောင့် ချို့ယွင်းပျက်စီးလျက်ရှိသော ဒေါ်သိန်းတင်လမ်းမှ လမ်းပေါက်များအား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လမ်းတံတားဌာန ဝန်ထမ်းများ ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဇူလိုင် ၃၀ရက်က ရန်ကုန်မြို့တော်နေ ပြည်သူများသွားရေးလာရေးနှင့် သယ်ယူပို့ဆောင်ရေး ချောမွေ့အဆင်ပြေစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန၊ သဃ်န်းကျွန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်နှင့် ဝန်ထမ်းများ၊ အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးခင်ဝေနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်သော အဖွဲ့ သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန် ကတ္တရာလမ်းမကြီးတစ်လျှောက်နှင့် သံသုမာကတ္တရာလမ်းမကြီး တစ်လျှောက်ရှိ ကတ္တရာလမ်းအပေါက်များကို ပြုပြင်ဆောင်ရွက်ကြစဉ်။ (၅၆)

✡ စာမျက်နှာ ၅ မှ

၃ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် ရွှေဘုန်းရှိန်လမ်းရှိ အောင်ဆန်းတောရ စာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်ခုနစ်တိုက်မှ ပဓာန နာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက်တစ်တိုက်မှ သီလရှင်ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော် အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) သုခိတာရာမ တောရကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဌေးနိုင်နှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၈၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၈၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ ရွှေပြည်သာမြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ငါးသိန်း၊ ဦးရှောင်စန်း(ကရောင်းဝါယာကြိုးစက်) က ငွေကျပ် ၅၅၀၀၀၀၊ ဦးရန်ဟိုး (အေအမ်စီကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေး မိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ မစ္စတာယိ (ခိုင်ခိုင်ဂရုပ်စန္ဒာ မော်တော်ယာဉ် ထုတ်လုပ်ရေး) က ငွေကျပ်သုံးသိန်း၊ ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများ အသင်း၊ ဦးတင်အောင်-ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)တို့က ငွေကျပ်နှစ်သိန်းစီ၊ ရွှေပြည်သာမြို့နယ် ဆီကုန်သည်များနှင့် နိုင်မွန်သံရည်ကျိုစက်ရုံတို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဦးသန်းမောင်-ဒေါ်ငွေကြည်(ချမ်းမြေ့စတိုး)က ငွေကျပ် ၁၂၆၀၀၀၊ ဦးတင်လှ၊ (Camel Int'l Co, Ltd) နှင့် ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် တို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသီဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KNကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်(BTB Co, Ltd)က ငွေကျပ်နှစ်သိန်း၊ အဂ္ဂမဟာ မဏိဇောတဓရ ဦးသန်းနိုင်-သီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)က ငွေကျပ် ၁၅၀၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း (ဒုတိယ ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး) က ငွေကျပ် ၂၁၀၀၀၀ အပါအဝင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၆၃၄၈၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(သုခမ္မာ) ရွှေမြို့ဝင် ဇီးကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကုသလထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် ရတနာ့ဂုဏ်ရည်ဝတ်အသင်းက အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ရွှေပြည်သာမြို့နယ်ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ယနေ့လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၁၉၀နှင့် ၁၈ပြည်၊ ဆီ ၆၅ပိဿာနှင့် ၅၀ ကျပ်သား၊ ပဲ ၁၃၀ ပိဿာ ၈၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၆၅၄ပိဿာ၊ သွားတိုက်ဆားဘူး ၁၃၀၊ တိုင်းရင်းဆေးမျိုးစုံ ၂၆၃၂ဘူးနှင့် ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၆၃၄၈၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror — အင်တာနက် စွမ်းအင်သတင်း

ဟိုက်ဒြိုဂျင် စွမ်းအင်သုံးကားများ တရုတ်နိုင်ငံတွင် ရေပန်းစားလာမည်

ရှန်ဟိုင်း ဇူလိုင် ၃၀

တရုတ်နိုင်ငံတွင် အနာဂတ်ကာလ၌ ဟိုက်ဒြိုဂျင်စွမ်းအင်သုံး မော်တော်ကားများ ရေပန်းစားလာမည့် ရှေ့ပြေးလက္ခဏာတစ်ရပ်အဖြစ် ဟိုက်ဒြိုဂျင် စွမ်းအင်သုံး အရုပ်ကားများကို ရှန်ဟိုင်းမြို့တွင် စတင်ရောင်းချနေပြီဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဟိုက်ဒြိုဂျင်စွမ်းအင်သုံး အရုပ်ကားများကို ရှန်ဟိုင်းမြို့ရှိ ဟော်ရိုက်ဇင်း ဖူယယ်လ်ဆဲလ် တက်ခနိုလိုဂျီ ကုမ္ပဏီက ထုတ်လုပ်ရောင်းချခြင်းဖြစ်သည်။

ဟိုက်ဒြိုဂျင် လောင်စာဆဲလ်အသုံးပြုသည့် ကားငယ်လေးများကို ရောင်းချရာတွင် နေရောင်ခြည်စွမ်းအင်သုံး လောင်စာပြန်လည်ဖြည့်တင်းနိုင်သော လောင်စာအရောင်းဆိုင်ငယ်လေးတစ်ခုကိုလည်း ပူးတွဲရောင်းချပေးသည်။

တရုတ်နိုင်ငံတွင် ဟိုက်ဒြိုဂျင်စွမ်းအင်သုံးကားများကို အနာဂတ်ကာလတွင် စီးပွားဖြစ် ထုတ်လုပ်ရောင်းချလာနိုင်မည်ဟု မျှော်လင့်ရကြောင်း ဟော်ရိုက်ဇင်းကုမ္ပဏီထူထောင်သူ တာရက်စ်က ပြောကြားသည်။***အင်တာနက်။***

ရှန်ဟိုင်းမြို့တွင် စတင်ရောင်းချလျက်ရှိသော ဟိုက်ဒြိုဂျင်စွမ်းအင်သုံး အရုပ်ကားကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror — ပြည်ပ အားကစားသတင်းများ

ကမ္ဘာ့ဖလားပွဲတွင် အင်္ဂလန်အသင်းအရေးမလှမှု အဲရစ်ဆင်အား ဖရန့်ခ်လမ်းပတ်ဝေဖန်

လန်ဒန် ဇူလိုင် ၃၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဂျာမိန်းဒီဖိုးအား ခေါ်ဆောင်မသွားခဲ့ခြင်းသည် နည်းပြ ဆဗန်ဂိုရန်အဲရစ်ဆင်အတွက် ကြီးစွာသောအမှားဖြစ်ကြောင်း ချယ်လ်ဆီးနှင့် အင်္ဂလန် ကွင်းလယ်ကစားသမား ဖရန့်ခ်လမ်းပတ်က ဇူလိုင် ၃၀ရက်တွင် ဝေဖန်လိုက်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အင်္ဂလန်အသင်း၏ နည်းပြဖြစ်သူ အဲရစ်ဆင်အား ဝေဖန်လိုက်သူ ဖရန့်ခ်လမ်းပတ်။ (ဓာတ်ပုံ-အင်တာနက်)

အဲရစ်ဆင်သည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် တိုက်စစ်မှူး လေးဦးကိုသာ ခေါ်ယူသွားခဲ့သည်။

ဂျာမနီသို့ လိုက်ပါခွင့်ရသည့် အဆိုပါ တိုက်စစ်မှူး လေးဦးအနက် ဝိန်းရူနီနှင့် မိုက်ကယ်အိုဝင်တို့မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ပြန်လည်နာလန်ထူလာသူများ ဖြစ်သည်။ အခြားတိုက်စစ်မှူးတစ်ဦးဖြစ်သူ သီအိုဝယ်လ်ကော့မှာ ထိပ်တန်းပြိုင်ပွဲကြီးများတွင် ပွဲတိုးဖူးသည့် အတွေ့အကြုံမရှိသော ဆယ်ကျော်သက်အရွယ် ဘောလုံးသမားလေး ဖြစ်သည်။ အင်္ဂလန်အသင်းအတွက် အတွေ့အကြုံရှိသည့် တိုက်စစ်မှူးနှစ်ဦးအဖြစ် ရူနီနှင့် ခရပ်ချ်တို့သာလျှင် ပါဝင်ကြောင်း လမ်းပတ်က ဝေဖန်ပြောကြားသည်။

အင်္ဂလန်လက်ရွေးစင်အသင်းတွင် တိုက်စစ်မှူးငါးဦး ပါဝင်ခြင်းမရှိသည့်အတွက် မိမိနားမလည်နိုင်ကြောင်း၊ နာလန်ထူလာစ တိုက်စစ်မှူးနှစ်ဦး အပါအဝင် တိုက်စစ်မှူး လေးဦးကိုသာ ရွေးချယ်ခဲ့ခြင်းမှာ အင်္ဂလန်အသင်း ကွာတားဖိုင်နယ်အဆင့်မှ မတက်နိုင်သည့် အကြောင်းတရားဖြစ်ကြောင်း လမ်းပတ်က ပြောကြားသည်။ ***အင်တာနက်။***

ရီးယဲလ်မဒရစ်အသင်း၌ကစားရန် အာဆင်နယ်တိုက်စစ်မှူးရေးယက်စ် စိတ်ဝင်စား

လန်ဒန် ဇူလိုင် ၃၀

မိမိသည် စပိန် ရီးယဲလ်မဒရစ်အသင်းသို့ ပြန်သွားရန် စိတ်ဝင်စားမှုရှိကြောင်း အာဆင်နယ်ရှေ့တန်း ဘောလုံးသမား ဟိုဆေးအင်တိုနီယို ရေးယက်စ်က ဇူလိုင် ၃၀ရက်တွင် အတည်ပြုပြောကြားသည်။



အာဆင်နယ်အသင်းတွင် ပျော်မွေ့ပါသည်ဟုဆိုသူ တိုက်စစ်မှူး ဟိုဆေးအင်တိုနီယိုရေးယက်စ်။ (ဓာတ်ပုံ-အင်တာနက်)

မိမိသည် ရီးယဲလ်မဒရစ်အသင်းသို့ ပြန်သွားလိုသော်လည်း အာဆင်နယ်အသင်းတွင် ပျော်မွေ့မှုမရှိဆိုသော သတင်းများမှာ မှန်ကန်ခြင်းမရှိကြောင်း ရေးယက်စ်က ပြောကြားသည်။

အာဆင်နယ်အသင်းသားအဖြစ် မိမိပျော်မွေ့မှုမရှိဆိုသော သတင်းများ မည်သို့မည်ပုံ ထွက်လာခဲ့သည်ကို မသိရကြောင်း၊ မိမိသည် အာဆင်နယ်အသင်းတွင် ကစားရခြင်းအတွက် အလွန်ပျော်ရွှင်မိကြောင်း၊ အာဆင်နယ်အသင်းသည် အင်အားကြီးမားသော ကလပ်အသင်းဖြစ်ပြီး မိမိ၏ ဘောလုံးသမားဘဝကို များစွာတောက်ပြောင်စေခဲ့ကြောင်း၊ အာဆင်နယ်အသင်းသို့ မိမိရောက်ရှိချိန်မှစ၍ ပရိသတ်ကလည်း မိမိကို အားပေးခဲ့ကြောင်း ရေးယက်စ်က ပြောကြားသည်။

ရေးယက်စ်သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် စပိန် ဆီဗီလာအသင်းမှ အာဆင်နယ်အသင်းသို့ ရောက်ရှိလာခဲ့သည်။ ***အင်တာနက်။***

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် ကယ်လ်ဆမ်ကွေကာတို့ ပူးပေါင်း၍ ၂၀၀၆ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ စတင်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် လယ်/ဆည်အသင်းက FOX အသင်းကို ၇၀မှတ်၊ ၄၅မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၁)စက်မှုအသင်းက ကန္တာရဝတီအသင်းကို ၆၃မှတ်၊ ၄၆မှတ်ဖြင့်လည်းကောင်း၊ G.P အသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ၅၂မှတ်၊ ၅၁မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသမီးပတ်လည်ပြိုင်ပွဲတွင် အမှတ်(၁)စက်မှုအသင်းက CENTRAL အသင်းကို ၆၈မှတ်၊ ၈မှတ်ဖြင့်နိုင်ပြီး ပြည်ထဲရေးအသင်းက MOM အသင်းကို ၉၃မှတ်၊ ၄၅မှတ်ဖြင့် နိုင်သည်။

အမျိုးသမီးပတ်လည်ပြိုင်ပွဲများအဖြစ် လယ်ယာ/ဆည်မြောင်းအသင်းနှင့် MOMအသင်း၊ ပြည်ထဲရေးအသင်းနှင့် CENTRAL အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲများအဖြစ် L.S.K အသင်းနှင့် DRAGON အသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် SHADOW အသင်း၊ LAST VAMPIRE အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

ယဉ်ကျေးမှုနယ်ပယ်၌ ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုလုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းတို့ကို ဟန်ချက်ညီညီ လုပ်နိုင်စွမ်းရှိရ
အနုပညာရှင်များပါဝင်သည့် ပြည်သူတစ်ရပ်လုံး ဇာတိမာန်ထက်သန်ပြီး မျိုးချစ်စိတ်ဓာတ်အားကောင်းရန်၊ စည်းလုံးညီညွတ်ရန် အရေ

☆ **ရှေ့ဖုံးမှ**

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် နှစ်ပေါင်း ထောင်ချီရှည်ကြာခဲ့ပြီး သမိုင်းစဉ် ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့မှုနှင့်အတူ အနုပညာအဆီအနှစ်များ စုစည်းရင့်ကျက်နေပြီဖြစ်ကြောင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်မင်းကိုယ့်ချင်းဖြင့် ရပ်တည်ခဲ့သည့် ရှေးမြန်မာမင်း

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဆက်ဆက်လက်ထက်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာသည် ဘာသာ သာသနာအရိပ်နှင့် ထီးရိပ် နန်းရိပ်တို့၌ စတင်အခြေပြုထွန်းကားခဲ့ပြီး မြန်မာ့သဘင်၊ မြန်မာ့ဂီတတို့ စည်ပင်ဖွံ့ဖြိုးခဲ့သည့် ကုန်းဘောင်ခေတ်တွင် နန်းတွင်းဇာတ်တော်ကြီးများ၊ ရုပ်စုံသဘင်များ ခင်းကျင်းကပြနေသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်သကဲ့သို့ ထီးနန်းဝန်းကျင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ သဘာဝဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့တို့ကို ရေးဖွဲ့သည့် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယားစသော တေးဂီတများ ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဗုံကြီးသံ၊ စည်တော်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေးစသည့် သာမန်ပြည်သူတို့ သီဆိုသည့်တေးသံများ၊ တိုင်းရင်းသား တေးသံများသည်လည်း ပေါ်ထွက်လာနေခဲ့ပြီဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အနုပညာသည် မြန်မာ့ဘဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပြောင်မြောက်ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သည့် အဆင့်အတန်းမြင့်မားသည့် အခြေအနေကို ရှေးဦးကာလကတည်းကပင် ရောက်ရှိနေခဲ့ပြီဖြစ်ကြောင်း။

အစဉ်အလာရှိ

ယဉ်ကျေးမှုလည်းမြင့်မား၊ လူဦးရေကလည်းများသည့် အိမ်နီးချင်းနိုင်ငံကြီးများနှင့် မိမိတို့မြန်မာနိုင်ငံသည် ရှေးခေတ်ကတည်းကပင် တန်းတူရည်တူ ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့သလို တစ်ဖက်တွင်လည်း ကိုယ့်မင်းကိုယ့်ချင်း ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေတို့ကိုထူထောင်ပြီး ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများဖြင့် ရပ်တည်နေထိုင်သော အစဉ်အလာရှိသည့် နိုင်ငံဖြစ်ကြောင်း။

ဤအစဉ်အလာကောင်း၊ ရေခံမြေခံကောင်း၊ အမွေခံကောင်းတို့ကြောင့် မြန်မာလူမျိုးတို့သည် မိမိတို့ သီးသီးသန့်သန့် ပျိုးထောင်လာခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် ယှဉ်တွဲပြီး ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားရေးဥပဓိရုပ်တို့ကို ထိန်းသိမ်းစောင့်ရှောက် ရင်းထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရှင်သန်ရပ်တည်နေနိုင်ခြင်း ဖြစ်ကြောင်း။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှု အနုပညာသည် ထိုကဲ့သို့ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများနှင့် ရပ်တည်ထွန်းပြောင်နိုင်ခဲ့ခြင်းမှာ မိမိတို့ ဘိုးဘွားဘီဘင်များ၏ စိတ်ဓာတ်ကောင်း၊ သတ္တိကောင်း၊ သတိကောင်း၊ ဝီရိယကောင်း၊ စွမ်းအားကောင်းတို့ကြောင့် ဖြစ်ကြောင်း၊ ထိုကဲ့သို့ အစဉ်အလာရှိသည့် အမျိုးသားရေးလက္ခဏာကောင်းများကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေကောင်းပေးနိုင်ရန် သမိုင်းရေးရာအရေး၊ အမျိုးစောင့်တရားများအရပါ မလွဲမသွေထမ်းဆောင်ရမည့် တာဝန်သည် မိမိတို့အားလုံး၏ ပခုံးပေါ်ရောက်နေခြင်းဖြစ်ကြောင်း။

မြန်မာ့စိတ်ရင်းကောင်း

ထို့ပြင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ နှစ်ပေါင်းရှည်ကြာ အမြစ်တွယ်ရှင်သန် ဖြစ်ထွန်းလာခဲ့သည့် တရားမျှတမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ တည်ကြည်ဖြောင့်မတ်မှု၊ ကိုယ်ချင်း စာနာမှု၊ မေတ္တာတရားထားရှိမှုစသည့် အမွန်အမြတ်တရားများ၊ ဟီရိသြတ္တပ္ပတရားနှစ်ပါးနှင့် ဗြဟ္မစိုရ်တရားလေးပါးတို့ လွှမ်းခြုံနေသည့် မြန်မာ့ရိုးရာ ဓလေ့စရိုက် အစဉ်အလာများနှင့် မြင့်မြတ်သည့် မြန်မာ့စိတ်ရင်းကောင်းတို့သည် မြန်မာ့အနုပညာရပ်များတွင် နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ထုံမွှမ်းနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာလူမျိုးတို့ကို မျိုးရိုးဂုဏ်ရှိန် မြင့်မားထည်ဝါသော လူမျိုးအဖြစ် သမိုင်းစဉ် အဆင့်အတန်း၌ မြှင့်တင်ပေးလာခဲ့သည့် အစဉ်အလာကောင်းများ၊ စွမ်းရည်ကောင်းများကို ထိန်းသိမ်းမြှင့်တင်ပြီး မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန်နှင့် ထိုကဲ့သို့ တန်ဖိုးကြီးမားပြီး စွမ်းအားထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့် လူမျိုးမြှင့်တင်ရေးတွင် အစွမ်းထက်ထိရောက်စွာ အသုံးပြုနိုင်စေရန် အမျိုးသားရေးတာဝန်ကြီးနှင့် ဆက်စပ်ပြီး ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

များဖြင့် ပြန်လည် ဖော်ထုတ်ပြုစုပျိုးထောင်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ထိုကဲ့သို့ အနုပညာစွမ်းပကားကြီးမားပြီး အမျိုးသားရေးအနှစ်သာရဖြင့် ယဉ်ကျေးမှု တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ဇာတ်သဘင်၊ ရုပ်သေးသဘင်နှင့်တကွ အဆို၊ အက၊ အရေး၊အတီး အနုပညာရပ်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်ပေးခြင်းအားဖြင့် သက်ဆိုင်ရာအနုပညာရပ်များအပေါ် ကျွမ်းကျင်တတ်မြောက်မှု စွမ်းရည်၊ အနုပညာရပ်များ၏ ပြည်သူများအပေါ် စည်းရုံးစေ့ဆော်နိုင်မှုစွမ်းအားတို့အပြင် ပြည်သူများ၏ အနုပညာရသ သိမြင်ခံစားနိုင်မှု အရည်အသွေး ကောင်းတို့ကိုပါ ပိုမိုထွန်းတောက်ပွင့်လန်းလာစေမှာဖြစ်ကြောင်း။

မြင့်မြတ်သည့်တာဝန်

အထူးသဖြင့် ယနေ့ခေတ် Globalization အခြေအနေတွင် ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏ အမျိုးသားရိုးရာယဉ်ကျေးမှုများ ယိုယွင်းပျက်စီးပျောက်ကွယ်မသွားရအောင် ကြိုးစားထိန်းသိမ်းနေကြခြင်းဖြစ်သည့်အတွက် မိမိတို့ထမ်းဆောင်ရမည့် တာဝန်သည် မြင့်မြတ်သကဲ့သို့ ကြီးမားကျယ်ပြန့်လှကြောင်း။

ထို့ကြောင့် မိမိတို့ကိုယ်ပိုင် အမျိုးသားရိုးရာယဉ်ကျေးမှု၏အဆင့်အတန်းမြင့်မားမှုတန်ဖိုးကြီးမားမှု၊စနစ်ကျနမှုနှင့် ပြည့်စုံမှုတို့ကို အမှတ်မထင်ဖြစ်မနေရစေရန် ယခုလို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကတစ်ဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု၏တန်ဖိုးကို အမှတ်ထင်ထင် ဖြစ်လာစေရန်၊ တန်ဖိုးထားလေးစားလာစေရန်၊ ပိုမိုပြီး ထဲထဲဝင်ဝင် စူးစူးနစ်နစ် လေ့လာလိုက်စားလာစေရန် စည်းရုံးစေ့ဆော်ပေးနိုင်ခြင်းသည် အလွန်ပင် တန်ဖိုးကြီးမား အကျိုးရှိလှကြောင်း၊ တန်ဖိုးကို သိခြင်းအားဖြင့် တန်ဖိုးကို ထားတတ်လာမည်ဖြစ်သလို လေးနက်မှုကို ထိတွေ့ရင်း အလေးအနက်ပြုတတ်လာကြမှာဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် လူမှုရေးဦးတည်ချက်ကို အခိုင်အမာချမှတ်ပြီး ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နေခြင်းဖြစ်ကြောင်း။

ယဉ်ကျေးမှုနယ်ပယ်၌ ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုလုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းတို့ကို ဟန်ချက်ညီညီ လုပ်ကိုင်နိုင်စွမ်းရှိကြရမှာဖြစ်ကြောင်း၊ ထို့ကဲ့သို့ လုပ်ကိုင်နိုင်စွမ်း ရှိရေးကိစ္စသည်လည်း အနုပညာရှင်များပါဝင်သည့် ပြည်သူတစ်ရပ်လုံးသည် မျိုးရိုးဇာတိမာန်ထက်သန်ပြီး မျိုးချစ်စိတ်ဓာတ် အားကောင်းနေရန်နှင့် စည်းလုံးညီညွတ်မှုအင်အားတောင့်တင်းခိုင်မာနေရန် အရေးကြီးကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားရေးကိုယ်ခံစွမ်းအားကောင်းစေရန် လိုအပ်ကြောင်း။

စည်းရုံးမြှင့်တင်

တိုင်းရင်းသားပြည်သူများ ဇာတိသွေးဇာတိမာန် မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထွန်းကားပြန့်ပွားရေးစသည့် ပြည်သူများ၏ စိတ်ဓာတ်ရေးရာ အခြေခံများ ရင့်သန်ခိုင်မာမြင့်မားစေရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ အသိပညာစွမ်းအားတို့ဖြင့် စေ့ဆော်စည်းရုံးမြှင့်တင်ပေးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြွယ်ဝပြည့်စုံပြီးဖြစ်သည့် အမျိုးသားယဉ်ကျေးမှု အရင်းအမြစ်များကို နိုင်ငံနှင့်လူမျိုးမြှင့်တင်ရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှု ကာကွယ်ရေး၌ တန်ဖိုးရှိရှိ အသုံးချနိုင်စေရန်အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲကြီးများ၌ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းကြရင်း အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများကို တလေးတစား ချစ်ခင်မြတ်နိုးထိန်းသိမ်း စောင့်ရှောက်လာခြင်းအားဖြင့် တူညီသည့် စိတ်ဓာတ်များ၊ ညီမျှသည့်စိတ်ဓာတ်များ၊ ညီညွတ်သည့်

ရုပ်တည်မှုများ ဖြစ်ထွန်းလာပြီး တိုင်းရင်းသ
ညီညွတ်ရေးကိုအခြေခံသည့် မျိုးချစ်စိတ်ဓာ
လည်း ပိုမိုပြီးခိုင်မာလာမှာဖြစ်၍ မြန်မာ့ရိုးရာ
အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲကြီးများကို ပြ
နေ့ပွဲတော်ကြီးများကဲ့သို့ အလေးအနက်ထား
ကျင်းပသွားရန် တိုက်တွန်းမှာကြားပြီးဖြစ်
ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေး
ကောင်စီအစိုးရလက်ထက်တွင် အမျိုးဂုဏ်
မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အ
လက္ခဏာများ မပျောက်ပျက်အောင် ထိန်း
ရှောက်ရေးတို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အရေး၊အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်း
တိုင်းရင်းသားရိုးရာအကများ၊ တေးဂီတများကို
အားပေးခြင်း၊ ရန်ကုန်နှင့်မန္တလေးမြို့များ၌
တက္ကသိုလ်များအဆင့်မြှင့်တည်ထောင်ဖွင့်လှစ်
လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း

ညှိနှိုင်းဆောင်ရွက်

ထိုကဲ့သို့ ရည်မှန်းချက်ကြီးမားစွာဖြင့် နိုင်ငံ
၏ ရှေ့ဆောင်ရှေ့ရွက်လမ်းကြောင်းမှန် ဖော်ပေ
သက်ကြီးဝါရင့် အနုပညာရှင်ကြီးများ၊ သ
ရုပ်စုံရုပ်သေး၊ အက စသည့်နယ်ပယ်စုံမှ အနုပ
မိဘပြည်သူများ၊ ပြည်နယ်နှင့်တိုင်းအသီးသီး
သူများ၊ ဦးစီးကော်မတီနှင့် အဆင့်ဆင့်သော
က ညီညွတ်စွာ ပေါင်းစုညှိနှိုင်းပြီး အားထု
ခဲ့ကြသည့်အတွက် (၁၃)ကြိမ်မြောက်အထိ
တီးပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးဖြစ်
(၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကိုလည်း နေ
အလားတူအနှစ်သာရရှိရှိ စည်စည်ကားကာ
နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားကြ
ကြောင်း။
အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်
တော်တစ်ရပ်ကို တည်ဆောက်ရာတွင် ပြ
အားလုံး ဘက်စုံကဏ္ဍစုံမှ တစ်ပြိုင်တည်း ဖွံ့ဖြိုး
မှသာ ဆုကြိုးနိမ့်မြင့်ကွာဟချက်များ လျော့န
သွားမှာဖြစ်ကြောင်း၊ နိုင်ငံရေးအရ၊ စီးပွားရေးအ
ရေးအရ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာ
ကျဉ်းမြောင်းသွားစေရမှာဖြစ်သလို ယဉ်ကျေး
နယ်ပယ်တွင်လည်း အနုပညာ ရေသောက်မြ
အမျိုးသားရေး ကိုယ်ခံစွမ်းအားများ တ
တက်လာစေရန် ပျိုးထောင်ဆောင်ရွက်ကြရ
ကြောင်း၊ ပြည်နယ်နှင့်တိုင်းအားလုံး အ
လက်ရည်ညီညီ ယှဉ်ပြိုင်လာနိုင်စေရန် ကြိုတ
ပညာပေးမှုများကို ပြုလုပ်ပေးနေပြီလည်းဖြ
ထို့ကြောင့် ယနေ့ညှိနှိုင်း အစည်းအဝေးတွင်
ထိထိမိမိကျင်းပနိုင်ရန်အတွက် တင်ပြဆွေ
ဖြစ်ကြောင်း။
အချုပ်အားဖြင့် နိုင်ငံနှင့်လူမျိုး၏ အနာ
စီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် မိမိတို့တွ
ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြံ့ခိုင်မှု၊
တို့ကိုအခြေခံသည့် စည်းလုံးညီညွတ်မှု
ဖြစ်ကြောင်း၊ သို့မှလည်း ကျစ်လျစ်ခိုင်မာသ
တလုံးတည်းသော စွမ်းအားကိုရရှိမှာဖြစ်ကြေ
ရေး၊တီးပြိုင်ပွဲကြီးသည် ပြည်ထောင်စုကြီး၏အ
အတွက် တစည်းတလုံးတည်းသော စွမ်းအ
ပျိုးထောင် ပေးရာတွင် ထိထိရောက်ရောက်
အကူပြုနိုင်စွမ်းရှိသည်မှာ အားလုံးအသိပင်ဖြ
ထို့ကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာမှ
ကို တစ်နှစ်ပြီးတစ်နှစ် ခိုင်ခိုင်မာမာထူထော
ဆို၊က၊ရေး၊တီး ပြိုင်ပွဲများကို ကျင်းပနေခြ
ဆိုသည့် လေးနက်သော ယုံကြည်ချက်နှင့်
မြောက် ပြိုင်ပွဲကြီးအတွက် လိုအပ်ချက်များ တ
ပြင်ဆင်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသ

ရှင်းလင်းတင်ပြ

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့
ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း
တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ယခင်နှစ် (၁၃)
မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အ
ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု
များ၊ အတွေ့အကြုံများနှင့် ယခုနှစ်၌
(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု
အရေး၊အတီးပြိုင်ပွဲကိုလည်း ယခင်နှစ်ရန်ကုန်မြို

☆ **ယနေ့ခေတ် Globalization အခြေအနေတွင် ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏အမျိုးသားရိုးရာယဉ်ကျေးမှုများ ယိုယွင်းပျက်စီးပျောက်ကွယ်မသွားရအောင် ကြိုးစား ထိန်းသိမ်းနေကြခြင်းဖြစ်သည့်အတွက် မိမိတို့ထမ်းဆောင်ရမည့် တာဝန်သည် မြင့်မြတ်သကဲ့သို့ ကြီးမားကျယ်ပြန့်လှ။**

☆ **နိုင်ငံတော်အစိုးရအနေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် လူမှုရေးဦးတည်ချက်ကို အခိုင်အမာချမှတ်ပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေ။**

...ချက်ညီညီ လုပ်နိုင်စွမ်းရှိရမည် စည်းလုံးညီညွတ်ရန် အရေးကြီး

ရပ်တည်မှုများ ဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကိုအခြေခံသည့် မျိုးချစ်စိတ်ဓာတ် စွမ်းအားလည်း ပိုမိုပြီးခိုင်မာလာမှာဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲကြီးများကို ပြည်ထောင်စုနေ့ပွဲတော်ကြီးများကဲ့သို့ အလေးအနက်ထား အားထည့်ကျင်းပသွားရန် တိုက်တွန်းမှာကြားပြီးဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပပေးခြင်း၊ တိုင်းရင်းသားရိုးရာအကများ၊ တေးဂီတများကို ထိန်းသိမ်းအားပေးခြင်း၊ ရန်ကုန်နှင့်မန္တလေးမြို့များ၌ ယဉ်ကျေးမှုတက္ကသိုလ်များအဆင့်မြှင့်တည်ထောင်ဖွင့်လှစ်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ညှိနှိုင်းဆောင်ရွက်

ထိုကဲ့သို့ ရည်မှန်းချက်ကြီးမားစွာဖြင့် နိုင်ငံတော်အစိုးရ၏ ရှေ့ဆောင်ရှေ့ရွက်လမ်းကြောင်းမှန် ဖော်ပေးမှုအပေါ်မှာ သက်ကြီးဝါရင့် အနုပညာရှင်ကြီးများ၊ သဘင်၊ ဂီတ၊ ရုပ်စုံရုပ်သေး၊ အက စသည့်နယ်ပယ်စုံမှ အနုပညာရှင်များ၊ မိဘပြည်သူများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တာဝန်ရှိသူများ၊ ဦးစီးကော်မတီနှင့် အဆင့်ဆင့်သော ကော်မတီများက ညီညွတ်စွာ ပေါင်းစုညှိနှိုင်းပြီး အားထုတ်လုပ်ကိုင်ခဲ့ကြသည့်အတွက် (၁၃)ကြိမ်မြောက်အထိ ဆို၊က၊ရေး၊တီးပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးဖြစ်ကြောင်း၊ ယခု (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကိုလည်း နေပြည်တော်၌ အလားတူအနှစ်သာရရှိရှိ စည်စည်ကားကား ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်ရာတွင် ပြည်နယ်တိုင်းအားလုံး ဘက်စုံကဏ္ဍစုံမှ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမှသာ ဆူကြံနိမ့်မြင့်ကွာဟချက်များ လျော့နည်းပပျောက်သွားမှာဖြစ်ကြောင်း၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ကျန်းမာရေးအရ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ ကျဉ်းမြောင်းသွားစေရမှာဖြစ်သလို ယဉ်ကျေးမှုအနုပညာနယ်ပယ်တွင်လည်း အနုပညာ ရေသောက်မြစ်ခိုင်မာပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများ တစ်ပြိုင်တည်း တက်လာစေရန် ပျိုးထောင်ဆောင်ရွက်ကြရန် တာဝန်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းအားလုံး အနုပညာအရ လက်ရည်ညီညီ ယှဉ်ပြိုင်လာနိုင်စေရန် ကြိုတင်လေ့ကျင့်ပညာပေးမှုများကို ပြုလုပ်ပေးနေပြီလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ညှိနှိုင်း အစည်းအဝေးတွင် ပြိုင်ပွဲကြီးကို ထိထိမိမိကျင်းပနိုင်ရန်အတွက် တင်ပြဆွေးနွေးကြရန် ဖြစ်ကြောင်း။

အချုပ်အားဖြင့် နိုင်ငံနှင့်လူမျိုး၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် မိမိတို့တွင် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြံ့ခိုင်မှု၊ စွမ်းရည်ရှိမှုတို့ကိုအခြေခံသည့် စည်းလုံးညီညွတ်မှု ရှိကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ကျစ်လျစ်ခိုင်မာသည့် တစည်းတလုံးတည်းသော စွမ်းအားကိုရရှိမှာဖြစ်ကြောင်း၊ ဆို၊က၊ရေး၊တီးပြိုင်ပွဲကြီးသည် ပြည်ထောင်စုကြီး၏ အနာဂတ်ရေးအတွက် တစည်းတလုံးတည်းသော စွမ်းအားကို ပြုစုပျိုးထောင် ပေးရာတွင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်စွမ်းရှိသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာမှတ်တိုင်များကို တစ်နှစ်ပြီးတစ်နှစ် ခိုင်ခိုင်မာမာထူထောင်နိုင်စေရန် ဆို၊က၊ရေး၊တီး ပြိုင်ပွဲများကို ကျင်းပနေခြင်းဖြစ်သည် ဆိုသည့် လေးနက်သော ယုံကြည်ချက်နှင့် (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးအတွက် လိုအပ်ချက်များ တင်ပြညှိနှိုင်း ပြင်ဆင်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ယခင်နှစ် (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၌ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများ၊ အတွေ့အကြုံများနှင့် ယခုနှစ်၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကိုလည်း ယခင်နှစ်ရန်ကုန်မြို့၌ ကျင်းပခဲ့သည့်နည်းတူ ယခုနှစ်တွင် နေပြည်တော်၌ စနစ်တကျ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးအတွက် နေ့ရက်၊ အချိန်၊ နေရာလျာထားမှုများ၊ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုများ၊ ဘာသာရပ်အလိုက် ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ရန်ပုံငွေ ရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေနေများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များပြည်သူတို့အတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ပြိုင်ပွဲများ စနစ်တကျ ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲဝင်များ စိတ်အေးချမ်းမြေ့စွာ နေထိုင်သွားလာ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် ကူညီပံ့ပိုး စီမံဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များ၊ သဘင်၊ ဂီတ၊ အနုပညာရှင်များက ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေး တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးမှာကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အစည်းအဝေးသို့ တက်ရောက်လာကြသော သဘင်ဂီတ အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို (၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်၊ (၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ (၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရန်၊ (၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများထိန်းသိမ်းရန်၊ (၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်၊ (၆) တိုင်းတပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊ (၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန် ဟူသည့် ဦးတည်ချက် (၇)ရပ်ဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၆ (တနင်္လာနေ့)

၁၃၆၈ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ ရင်းငြိမ်ရေထိန်းတံခါး
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Grammar Made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ **ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၄၊မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)**
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
- ၅း၀၀ ၅။ အကပဒေသာ
- ၅း၁၀ ၆။ မြန်မာစာ၊မြန်မာစကား
- ၅း၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို၊အကများ
- ၅း၃၀ ၈။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၅း၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ စစ်ကိုင်းဂုဏ်အင် ဆွမ်းဦးပုညရှင်
- ၆း၅၀ ၁၃။ **"မောင်မြန်မာလျှပ်စစ်စက်ဘီး" [ရီဝေယံ၊ စောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း] [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]**
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဇူလိုင်နံနက်ခင်း" (အပိုင်း-၁၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အိပ်မက်လှလှ" (အပိုင်း-၁၅)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ကမ္ဘာအေးအဆင့်မြင့်အိမ်ရာနေ ဦးသူရစိုး-ဒေါ်ချိုချိုဝင်းမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ကုသလ၊ အရှင်ဝိစိတ္တ ရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာအေးအေးမာထံသို့ ဇူလိုင် ၂ ရက်က ပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် ကျောင်းဆောင်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သင်္ဂဟလမ်းနေ ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ ဒေါ်ကြည်ကြည်လွင် (၇၁)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အကျိုးဆောင် ဒေါ်ချိုလေးတင့် (စမ်းချောင်း)က လက်ခံကာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။

(က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင် ဆေးရုံသန့်ရှင်းရေးစုပေါင်းဆောင်ရွက်၊ ဆေးပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ အင်းစိန်မြို့နယ် အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံဝင်းအတွင်း ဆေးရုံသန့်ရှင်းရေးစုပေါင်းဆောင်ရွက်မှု၊ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင်စိုက်ထူ အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်အလှူရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နံနက် ၆နာရီခွဲတွင် အင်းစိန်မြို့နယ် အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှိုင်မြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်း၍ အဆုတ်ရောဂါကု ဆေးရုံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ အမှိုက်လှည်းခြင်း၊ ရေနုတ်မြောင်းများ သန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ဆေးရုံဝင်းအတွင်းရှိ မြေကွက်လပ်၌ ခြံစည်းရိုးကြက်ဆူပင် ၃၃၈ပင် အပါအဝင် အရိပ်ရပင်များ၊ ပန်းအလှပင်များကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းကာ တပျော်တပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ထို့နောက် အဆုတ်ရောဂါကုဆေးရုံခန်းမ၌ ဆေးပဒေသာပင် စိုက်ထူ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အောင်ဆန်းအဆုတ်ရောဂါကု ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးပေးခြင်းနှင့် အလှူရှင်များစုပေါင်းကာ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေပေးအပ်ကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေ ကျပ် ၁၅သိန်းကို တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေးဝင်းက လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေ ကျပ်နှစ်သိန်းကို ဒေါ်ခင်မိမိနှင့် ဒေါက်တာ ဒေါ်စန္ဒာအောင်တို့ကလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အလှူငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(အငြိမ်းစား) -ဒေါ်သိန်းဆိုင်၊ မြတ်လေးရုံမိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဒေါ်သန်းသန်းအေး ဝါဝါထွန်းရွှေဆိုင်က အလှူငွေကျပ်တစ်သိန်း၊ ဂုဏ်ရည်ဆေးတိုက်က အလှူငွေကျပ်တစ်သိန်း၊ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ဦးတင်မောင်ဦးနှင့်ညီ၊ ညီမများ "ရွှေအုန်းပင်" စက်နို့ဆီက အလှူငွေကျပ်တစ်သိန်း၊ ဟာဂျီ ဦးရာစင် ဒဂုံရေပိုက်ပစ္စည်းရောင်းဝယ်ရေးက အလှူငွေကျပ်တစ်သိန်း၊ ဦးကျော်လွင် ဒေါ်နီကုန်စုံဆိုင် အင်းစိန်ဈေးက အလှူငွေကျပ်တစ်သိန်း၊ ဦးဖေထွန်းအောင်-ဒေါ်ခင်မာကြည် ထူးကဲဆန်ဆီရောင်းဝယ်ရေး မင်္ဂလာဒုံက အလှူငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်အသီးသီးက အလှူငွေကျပ် စုစုပေါင်း ၄၈သိန်းငါးသောင်းကို ပေးအပ် လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာလှိုင်မြင့်တို့က လက်ခံကြသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာလှိုင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကဦးဆောင်၍ အင်းစိန်မြို့နယ် အောင်ဆန်းအဆုတ်ရောဂါကု ဆေးရုံဝင်းအတွင်း ဆေးရုံသန့်ရှင်းရေး စုပေါင်းဆောင်ရွက်မှု၊ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ်နှစ်သိန်းကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

❀ နိုင်ငံတော်ပိုင်မှ

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်တို့က အထည်ချုပ်စက်ရုံ(ပခုက္ကူ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အထည်ချုပ်စက်ရုံ(ပခုက္ကူ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အထည်ချုပ်စက်ရုံ (ပခုက္ကူ)စက်ရုံအတွင်း၌ အထည်ချုပ်လုပ်ငန်း အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် စက်ရုံဝင်းအတွင်း၌ ဖွင့်လှစ်ထားရှိသော ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စက်ရုံဖွင့်ပွဲ အခမ်းအနားကို စက်ရုံခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က အထည်ချုပ်စက်ရုံ(ပခုက္ကူ)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်မှာ "စိုက်ပျိုးရေးကိုအခြေခံသည့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဆိုသည့် အချက်ကို ထည့်သွင်းချမှတ် အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် မုချမသွေ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း စက်မှုဇုန် ၁၈ ဇုန် တည်ထောင်ဖွဲ့စည်း၍ ဇုန်တာဝန်ခံကြီးများ ခန့်အပ်ထားရှိပြီး အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်ပိုင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ဆက်လက်မြှင့်တင်နိုင်ရေးအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနအသီးသီးမှ မိမိတို့ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိကြပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူအထည်ချုပ်စက်ရုံကို မကွေးတိုင်း ပခုက္ကူမြို့နယ်၌ တည်ဆောက်ရန် တည်နေရာရွေးချယ်ရခြင်းမှာ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရန်၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ဝတ်ဆင်မှုအဆင့်အတန်း မြင့်မားစေရန်၊ ခေတ်မီစက်ကိရိယာများ ကိုင်တွယ်အသုံးပြုနိုင်ရန်တို့အတွက် ပခုက္ကူဒေသကို ရွေးချယ်ရခြင်းဖြစ်ပါကြောင်း။

ပခုက္ကူခရိုင်ကို ကြည့်မည်ဆိုလျှင် ပခုက္ကူခရိုင်သည် သစ်တောသစ်ပင်များ မရှိတော့ဘဲ ပူပြင်းခြောက်သွေ့ပြီး သဲကန္တာရဖြစ်တော့မည့် အလားအလာရှိသည့်အတွက် ယင်းတို့ကို ကာကွယ်ရန် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောကာကွယ်ရေးတို့ကို စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပခုက္ကူခရိုင်ထဲက တန့်ကြည့်တောင်၊ တက်မတောင်၊ မြိုင်တောင်၊ ရှင်မတောင် စသည့် တောင်တန်းများစိမ်းလန်းစိုပြည်ရေးနှင့် မြို့ရွာများစိမ်းလန်းစိုပြည်ရေး စီမံချက်ချမှတ် ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ သစ်တော သစ်ပင်များ ပြန်လည်ဖြစ်ထွန်းပြီး ရာသီဥတုပိုမိုကောင်းမွန်ကာ မိုးရွာရက်များ ပိုမိုများလာခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေးပိုင်းတွင်ဆိုလျှင်လည်း ပခုက္ကူမှ မြောက်ဘက် မုံရွာ၊ မန္တလေး၊ အနောက်ဘက် ချင်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်း၊ တောင်ဘက်ကို မင်းဘူးခရိုင်သွားသည့် လမ်းများအား အဆင့်မြှင့်တင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး မြို့ချင်းဆက် လမ်းများလည်း အများအပြား ဖောက်လုပ်ပေးခဲ့ပါကြောင်း။

ထို့ပြင် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား၊ ဧရာဝတီမြစ်ကူး အနော်ရထာတံတားနှင့် ချင်းပြည်နယ်တောင်ပိုင်းဘက် လမ်းကြောင်းဖြစ်သည့် ပေါက်မြို့အနီး ယောချောင်းပေါ်၌ တည်ဆောက်ထားသည့် အမှတ်(၁) ပေါက်တံတား (အုန်းတော)၊ အမှတ်(၂)ပေါက်တံတား (ရေပြာ)တို့သည်လည်း ထင်ရှားသည့် တံတားကြီးများဖြစ်ပါကြောင်း။

အလားတူပဲ ပခုက္ကူ–ချောင်းဦး၊ မန္တလေး–မုံရွာ ရထားလမ်း၊ ပခုက္ကူ–မြိုင်–ကျော–ဂန့်ဂေါ ရထားလမ်းများသည်လည်း ဘယ်ခေတ်မှာမှ မလုပ်နိုင်ခဲ့သည့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုများဖြစ်ပါကြောင်း။

စိုက်ပျိုးရေးတိုးတက်ရန်၊ ဆန်ဖူလုံမှုရှိစေရန်အတွက် ဆည်၊ ကန် အမြောက်အမြားကိုလည်း တည်ဆောက်ပေးခဲ့ပါကြောင်း။

ထို့အပြင် ပခုက္ကူမြို့နယ်အတွင်းမှာ မြစ်ရေတင် စီမံကိန်းများဖြစ်သည့် ရွှေတန့်တစ်၊ ကုက္ကိုလှ၊ ချစ်သူ၊ မအူ၊ မင်းရွာ၊ ရေပြာနှင့်စံဖဲစသည့် မြစ်ရေတင်ခုနစ်ခု တည်ဆောက်ပေးခဲ့သဖြင့် စပါးစိုက်ဧက ၇၂၀၀ အထိ စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်၍ နန်းပို့၊ ကြီးရွာ၊ ဝါယာသာစည်၊ ရွှေချောင်း၊ အောက်ဆိပ်၊ ယော၀ မြစ်ရေတင်ခြောက်ခု တည်ဆောက်ဆဲဖြစ်၍ စပါးစိုက်ဧက ၂၇၁၀၀ ကို တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စပါးသီးနှံသာမက အခြားမြေပဲ၊ ဝါ၊ နှမ်းစသည့် သီးနှံများပါ စိုက်ပျိုးလာနိုင်ပြီဖြစ်၍ မြေကြီးက ရွှေသီးသည့်ခေတ်ကို မကြာမီရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ ဒေသကပြည်သူများအတွက် စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ပခုက္ကူစက်မှုဇုန် တည်ထောင်ပေးသကဲ့သို့ ပခုက္ကူခရိုင်အတွင်းမှာပင် ချည်မျှင်နှင့်အထည်စက်ရုံကြီးတစ်ခု တည်ထောင်ပေးခဲ့ပြီး ယနေ့ဖွင့်လှစ်လိုက်သည့် အထည်ချုပ်စက်ရုံ ထပ်မံတည်ထောင်ပေးခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မုချအထောက်အကူပြုစေမည့် ယနေ့ ဖွင့်လှစ်သော ပခုက္ကူအထည်ချုပ်စက်ရုံ အရှည်တည်တံ့ပြီး အရည်အသွေးမီထုတ်ကုန်ပစ္စည်းများ စွမ်းအားပြည့် ထုတ်လုပ်သွားနိုင်ရေးအတွက် စက်ရုံရှိ ဝန်ထမ်းများသာမက ဒေသခံပြည်သူများကပါ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြပါရန် အလေးအနက်တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ယခုစက်ရုံကြီး မတည်ဆောက်ခင်လွန်ခဲ့သော ၂၀၀၅ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ကလည်း အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ စက်ရုံကြီးများ ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ယခုလို စက်ရုံကြီးများ တည်ဆောက်ခဲ့သည့်အတွက် ပြည်သူများအနေဖြင့် အဝတ်အထည်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်သည့်အပြင် နိုင်ငံတော်အနေဖြင့် သွင်းကုန်အစားထိုးခြင်း ရည်မှန်းချက်များလည်း အောင်မြင်ခဲ့ပါကြောင်း။

ယခုလို နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးစွာဖြင့်စက်ရုံ၊အလုပ်ရုံများ ဖွင့်လှစ်ရန် လမ်းညွှန်ချက်များ ချမှတ်ပေးသည့်အတွက် မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါးလာပြီး ကျေးလက်ဒေသပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးများ အဆင့်အတန်းမြင့်မားလာပြီဖြစ်ကြောင်း။

ထို့ကြောင့် တည်ဆောက်ပေးထားပြီးဖြစ်သည့် စက်ရုံများကို ဒေသခံပြည်သူများနှင့် ဝန်ထမ်းများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ပြီး ထုတ်ကုန်ပစ္စည်းများ လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ပေးသည့်အပြင် ဝင်းသူဇာအရောင်းဆိုင်များပါ နိုင်ငံအနှံ့ ဖွင့်လှစ်ရောင်းချပေးသည့်အတွက် ပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများမှာ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများအနေနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုခံယူပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ဒေသချစ်စိတ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အထည်ချုပ်စက်ရုံ(ပခုက္ကူ)အား ပခုက္ကူဒေသ၌ ဖွင့်လှစ်ပေးသဖြင့် ဒေသဖွံ့ဖြိုးမှုနှင့် ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိသဖြင့်နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်းကို ဒေသခံပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အထည်ချုပ်စက်ရုံ(ပခုက္ကူ)စက်ရုံ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စက်ရုံဝန်းကျင် ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများသို့ အလှူငွေများကို မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ပေးအပ်လှူဒါန်းရာ အရှေ့ချောက်ကန်ကျေးရွာ၊ အနောက်ချောက်ကန် ကျေးရွာ၊ လက်ပံကန်ကျေးရွာနှင့် မကျီးကိုးပင်ကျေးရွာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အထည်ချုပ်စက်ရုံ(ပခုက္ကူ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်တို့ အထည်ချုပ်စက်ရုံ (ပခုက္ကူ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အထည်ချုပ်စက်ရုံ (ပခုက္ကူ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းဆွမ်းဆန်တော်လှူဒါန်း

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ ပေါ်ရှိ ပရိယတ္တိ စာသင်တိုက် ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲတွင် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၀

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပညာသိရီ (သာသနဓဇ သိရီပဝရ နိကာယ ပါဠိပါရဂူ) အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကလှူဒါန်းသည့် ဆွမ်းဆန်တော်နှင့် ပဲများကိုမိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်မှူးကြီးမြင့်ထွန်း(ရေ)၊ ဗိုလ်မှူးကြီးနေဝင်း(လေ)တို့ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တက်ရောက်လာကြသော ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ဖွင့်လှစ်ပြီး ငွေတောင် တောရ ပရိယတ္တိစာသင်တိုက် ဦးစီး ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပညာသိရီ (သာသနဓဇ သိရီပဝရ နိကာယ ပါဠိပါရဂူ)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ထို့နောက် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်နှင့် ဆရာတော် သံဃာ တော်များအား သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများက လှူဖွယ်ဝတ္ထုပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်နှင့် ပဲများကို ငွေတောင် တောရ ပရိယတ္တိစာသင်တိုက် ဦးစီး ပဓာနနာယက ဆရာတော်ထံ တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်မှူးကြီး မြင့်ထွန်း (ရေ)၊ ဗိုလ်မှူးကြီးနေဝင်း (လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာန မှ တပ်မတော် အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်း မိသားစု၊ ဦးငြိမ်း – ဒေါ်အုန်းကြင် OK ဆန်ရောင်းဝယ်ရေး မိသားစု၊ (ဦးသိန်းမောင်) – ဒေါ်ပါးပါး စန္ဒီပရ ဆေးမိသားစု၊ ယူနီဗာဆယ်ကုမ္ပဏီ မိသားစု၊ အေဝမ်းကုမ္ပဏီမိသားစု၊ တပ်ကုန်းမြို့နယ် ဌာနဆိုင်ရာနှင့် ရပ်ကွက် စေတနာရှင်ပြည်သူများ၊ ဦးအောင်ဝင်း တက်လမ်းကုမ္ပဏီ၊ ဦးခင်မောင်ထွန်း – သား မောင်ထက် လင်း (ထက်လင်းဆေးတိုက်)၊ ဦးထွန်း ရွှေ – ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ ဆေးတိုက်)၊ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေးဝါး)၊ ဦးကြည် စိုး (ကေသီပန် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)တို့က ဆွမ်းဆန်တော်၊ ပဲ၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ တိုင်းရင်းဆေး မျိုးစုံတို့ကို ဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင် အလှူ ငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ်ခြောက်သောင်း၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသောင်း၊ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ်ငါးသောင်း၊ ဌာန ဆိုင်ရာများက လှူဒါန်းငွေ တစ်သိန်း နှစ်သောင်း လေးထောင့်ကိုးရာကျပ်၊ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီး ရေးရာအဖွဲ့က ငွေကျပ်သုံးသောင်းစီ၊ ကိုအန်းကူ – မကျင်ကျင်သောင်း (ရှောင်ဟိုးရွှေဆိုင်)က ငွေကျပ်သုံးသိန်း၊ ဦးစိုးတင့်–ဒေါ်မာမာ (အလှကုန်ပစ္စည်း ရောင်းဝယ်ရေး) တို့က ငွေကျပ် တစ်သိန်း၊ ဦးလှစိန် – ဒေါ်စန်းကြည်တို့ က ငွေကျပ်တစ်သိန်း၊ ဦးလှသိန်း – ဒေါ်ဝင်းကြည် (စိန်သုံးလုံးပွဲရုံလုပ်ငန်း) က ငွေကျပ်ငါးသောင်း၊ မိုးကောင်း ဘုရားကြီးကထာကတ ပုညသဟာယ အသင်းက ငွေကျပ် ငါးသောင်း၊ သဒ္ဓါဓိကကရုဏာရှင် လူမှုကူညီရေး အသင်းက ငွေကျပ်ငါးသောင်း၊ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲက ငွေ ကျပ်ငါးသောင်း၊ ဦးကြည်အောင် – ဒေါ်ခင်သောင်း (စိန်ပဒေသာပွဲရုံ)က ငွေကျပ်ငါးသောင်း၊ ဦးဇော်လွင် – ဒေါ်စုစုဝင်း (ဝင်းသီရိပွဲရုံ)က ငွေကျပ် ငါးသောင်း၊ ဦးကြည်ဝင်း – ဒေါ်ညွန့်ရီ (ကုန်စုံဆိုင်)တို့က ငွေကျပ်ငါးသောင်း၊ ဦးအောင်ဆွေဦး – ဒေါ်မာမာဝင်း (ဟိန်းဝင်းအောင် ထမင်းဆိုင်) က ငွေကျပ်ငါးသောင်း၊ ဦးစိန်မိုး– ဒေါ်ကြည်ညွန့် (မြဟသ်ာဆေးဆိုင်)က ငွေကျပ် တစ်သောင်း၊ ဦးအောင်မြင့် သန်း (ရွှေတောင်ကုမ္ပဏီ)က ငွေကျပ် နှစ်သိန်း၊ ဦးအောင်ဇော်မြင့် တိုင်းရင်း ဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြား ရေးမှူးချုပ်–သီရိသုဓမ္မသီဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်မိသားစုက ငွေ ကျပ် တစ်သိန်းတစ်သောင်း၊ သီဟ သုဓမ္မသီဂီဒေါ်မြသိန်း(သား) ဦးရန်ရှင်း (ယူနိုက်တက်ဝင်းနား အင်တာနေရှင် နယ် ကုမ္ပဏီ)က ငွေကျပ်တစ်သိန်း တစ်သောင်း၊ ဦးသက်လင်း(TZTM ကုမ္ပဏီ)ကငွေကျပ်သုံးသိန်း၊ ဦးအောင် ဝင်း (တက်လမ်းကုမ္ပဏီ)က ငွေကျပ် တစ်သိန်းငါးသောင်း၊ အေးရှယ်ဟိုက်တက် (ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ် သုံးသိန်း၊ နန်းအိမ်သူ ဆောက်လုပ်ရေး က ငွေကျပ်နှစ်သိန်း၊ ဦးကြည်စိုး (ကေသီပန် တိုင်းရင်းဆေးဝါး)က ငွေကျပ် တစ်သိန်း၊ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ ဒဏ်ကြေလိမ်းဆေး)က ငွေကျပ်သုံးသိန်း၊ ဦးခင်မောင်ထွန်း (ထက်လင်း)က ငွေကျပ်သုံးသိန်း၊ ဦးဇော်ဝင်း(အရုဏ်ဦး ဆောက်လုပ်ရေး) က ငွေကျပ် နှစ်သိန်း၊ ဦးမျိုးအောင် တွဲဖက်အတွင်းရေးမှူး (၁) မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ငွေ ကျပ်တစ်သိန်း၊ ဦးမျိုးအောင် – ဒေါ်ခင် ရီမွန်(ဆန်းမြန်မာ)က ငွေကျပ်တစ်သိန်း တစ်သောင်း၊ ဦးထွန်းမြင့်နိုင် (အေးရှား ဝေါကုမ္ပဏီ)က ငွေကျပ် ခြောက်သိန်း၊ တပ်ကုန်းတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး စိုးထက်က ငွေကျပ်တစ်သိန်း၊ ဦးဇော် မိုးနိုင် (အက်ဒ်ပီဒင်ကုမ္ပဏီ)က ငွေကျပ် သုံးသိန်း၊ (ဦးသိန်းမောင်) – ဒေါ်ပါးပါး (စန္ဒီပရိဆေး)က ငွေကျပ် သုံးသိန်း သုံးထောင်၊ ဦးကျော်ဝင်း (ရွှေသံလွင်)က ငွေကျပ်ငါးသိန်း၊ WHK ကုမ္ပဏီ ဦးဝင်းထင်ကျော်က ငွေကျပ်နှစ်သိန်း၊ သိန်းဆောက်လုပ်ရေးက ငွေကျပ် နှစ်သိန်း၊ အေဒင်ကုမ္ပဏီက ငွေကျပ် ခြောက်သိန်း၊ ထူးထရေးဒင်းက ငွေကျပ် ခြောက်သိန်း၊ WEG ကုမ္ပဏီက ငွေ ကျပ်နှစ်သိန်းတို့ကို သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

လျှောက်ထား

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်မှူးကြီးအေးသော်က တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစု များနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းရသည့် ရည်ရွယ်ချက်များကို လျှောက်ထားသည်။

ဆက်လက်၍ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ တက်ရောက် လာကြသော ဧည့်ပရိသတ်တို့က သာဓု အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။ထို့နောက် တပ်ကုန်းမြို့နယ် သာသနာ့ဗိမာန် ဓမ္မစကြာ ဝတ်အသင်းဝင်များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြ သည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့လှူဒါန်းပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန် တော် ၁၆၄အိတ်၊ ဆီ ၈၆ပိဿာ၊ ပဲ ၇၂ပိဿာ၊ အိုင်အိုဒင်းဆား ၃၆၂ပိဿာ၊ သွားတိုက်ဆေး ၇၂ဘူး၊ ပဒုမ္မာ ဆပ်ပြာ ချော ၃၆၂ တောင့်၊ ဆပ်ပြာကြမ်း ၃၆၂တောင့်၊ တိုင်းရင်းဆေးမျိုးစုံ ၇၂၁၇ ဘူးနှင့် ဆေးပဒေသာပင် အလှူငွေကျပ် ၇၃၃၇၉၀၀ တို့ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

TV နှင့် DVD စက် ခိုးသူနှစ်ဦးအား ရက်သတ္တပတ်အတွင်း ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၀

နေပြည်တော် ပိတောက်အိမ်ရာ(၁)၊ တိုက်အမှတ်(၈၁၀)နေ စာရင်းစစ်ချုပ် ရုံးမှ ဝန်ထမ်းတစ်ဦးသည် ဇွန် ၂၂ ရက် ညနေ ၆ နာရီတွင် ရုံးမှအိမ်သို့ ပြန်ရောက်စဉ် ဧည့်ခန်းအတွင်းရှိ ၂၁ လက်မ TV တစ်လုံး၊ DVD စက် တစ်လုံးနှင့် မိုက်တစ်လုံး ခိုးယူခံရကြောင်းသိရှိရသဖြင့် သက်ဆိုင်ရာသို့ အမှုဖွင့် တိုင်ကြားခဲ့သည်။

စုံစမ်းစစ်ဆေးချက်များအရ အနီးရှိဆောက်လက်စတိုက်တွင် အလုပ်လုပ် ကိုင်နေသည့် ဆောက်လုပ်ရေးအဖွဲ့မှ မျိုးမင်းထွန်း(၂၂) နှစ် (ဘ)ဦးချစ်သန်းနှင့် သိန်းဇော်(၃၅)နှစ် (ဘ) ဦးကြည်မောင်တို့ ခိုးယူခဲ့ကြောင်းသိရှိရသဖြင့် ဇူလိုင် ၂၈ရက်တွင် မျိုးမင်းထွန်းအားလည်းကောင်း၊ ဇူလိုင် ၂၉ ရက်တွင် သိန်းဇော်အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ထွက်ဆိုချက်အရ သိန်းဇော်သည် ဇူလိုင် ၂၂ရက် မွန်းတည့် ၁၂နာရီတွင် မျိုးမင်းထွန်းအားခေါ်၍ တိုက်အမှတ်(၈၁၀)သို့ ဝင်ရောက်ခဲ့ကြောင်း၊ အိမ်အတွင်းရှိ ရုပ်မြင်သံကြားစက်၊ အောက်စက်နှင့် မိုက်တစ်လုံးအား စောင်ဖြင့် ထုပ်ပိုးပြီး ယူဆောင်လာခဲ့ကြောင်း၊ မျိုးမင်းထွန်းသည် ဆောက်လုပ်ရေးအဖွဲ့တွင် ဆက်လက်လုပ်ကိုင်နေပြီး သိန်းဇော်သည် ခိုးရာပါပစ္စည်းများနှင့် ပဲခူးသို့ထွက်လာ ကာ ပဲခူးမှတစ်ဆင့် ၎င်းနေထိုင်ရာ လှည်းကူးမြို့ အလံတဘိုကျေးရွာသို့ ပြန်ခဲ့ ရာမှ ဇူလိုင် ၂၉ ရက်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြန်လည်သိမ်းဆည်းရမိသော ပစ္စည်းများအား ပိုင်ရှင်ထံ ပြန်လည်ပေးအပ် သွားမည်ဖြစ်ကြောင်းနှင့် တရားခံနှစ်ဦးအား ထိရောက်စွာ အရေးယူအပြစ်ပေး နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● စာမျက်နှာ ၁၀ မှ

အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက အသီးသီး လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ယခုဖွင့်လှစ်လိုက်သော အထည်ချုပ် စက်ရုံ(ပခုက္ကူ)သည် အမှတ်(၁)စက်မှု ဝန်ကြီးဌာန မြန်မာ့အထည်အလိပ် လုပ်ငန်းက ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် သွင်းကုန်အစား ထိုးရန်၊ ဒေသဖွံ့ဖြိုး တိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာ စေရန်၊ ဝတ်ဆင်မှုအဆင့်အတန်း မြင့်မားစေရန်၊ အလုပ်အကိုင်အခွင့် အလမ်းသစ်များ ပေါ်ပေါက်လာစေရန် နှင့် ခေတ်မီစက်ကိရိယာများ တပ်ဆင် အသုံးပြုသည့်အတွက် နည်းပညာပိုင်း ဆိုင်ရာ မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် စက်ရုံကို အကောင်အထည်ဖော် ဖွင့်လှစ် ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းစက်ရုံ၌ ပင်မအဆောက်အအုံ မှာ အလျားပေ ၃၄၀၊ အနံပေ ၁၅၀နှင့် အမြင့်ပေ ၂၀ရှိ RC အဆောက်အအုံ ဖြစ်ပြီး (၁၁) KB ဓာတ်အားခွဲရုံ၊ ရေသိုလှောင်ကန်၊ ရေစင်၊ ကုန်ကြမ်း သိုလှောင်ရုံများ ပါဝင်ပြီး အထည်ချုပ် စက် ၅၂၆လုံး အပါအဝင် စက်အလုံး ပေါင်း ၇၀၄လုံး တပ်ဆင်ထားသည်။

ဝန်ထမ်းအင်အားမှာ အရာထမ်း ဝန်ထမ်း ၃၁ဦး၊ အမှုထမ်း ၁၅၉၇ဦး ဖွဲ့စည်းထားရှိပြီး ဖွင့်လှစ်ချိန်တွင် ဝန်ထမ်း စုစုပေါင်း ၈၁၆ဦးခန့်ထားပြီး ဖြစ်ကြောင်းနှင့် ထုတ်လုပ်မှုစွမ်းအား အနေဖြင့် တစ်နှစ်လျှင်အထည် ၁၂သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရှပ်အင်္ကျီ၊ အမျိုးသမီးဝတ်အင်္ကျီ၊ ကလေးဝတ် အင်္ကျီ၊ ဂျာကင်အင်္ကျီ၊ ခြင်ထောင် အမျိုးမျိုးနှင့် သက်န်းအမျိုးမျိုးထုတ်လုပ် သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကျောင်းခန်းမဆောင်၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးက သင်တန်းသား သင်တန်းသူများ လက်ခံမှု၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားမှုနှင့် ကျောင်းဖွဲ့စည်းမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် မုန့်မျိုးစုံသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ မိန်းမဝတ်၊ ကလေးဝတ် ချုပ်လုပ်မှု သင်တန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများကို အားပေးနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးအိမ် မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ **(အပေါ်ဝဲပုံ)** ကျောင်းအုပ် ဒေါ်ခိုင်သွယ်ဦးက မူကြိုရင်သွေးငယ်များအား လက်ခံထားမှု အခြေအနေ၊ ကလေးသူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးမှုတို့ကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှုကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စေတနာရှင်များ သွေးလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၃၀

ဆေးရုံအသီးသီးပေါ်၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် မေတ္တာဗျူဟာအဖွဲ့ကကြီးမှူး၍ (၉၅)ကြိမ်မြောက် မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ သြဂုတ် ၆ ရက် နံနက် ၈နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူတိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် သုဝဏ္ဏ ကျွန်းရွှေမြိုင်လမ်းသွယ်မှ ဦးဇော်ဝင်း-ဒေါ်ခင်မာကြွယ်၊ သား၊ သမီးများ မောင်နန္ဒရဲရင့်ဝင်း-မအိသီရိဇော်၊ သား မောင်နောင်ဇော်ဝင်း၊ မောင်ညီဇော်ဝင်းမိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဓမ္မာစရိယ(B.A) အရှင်ကောသလ္လ(မြန်အောင်)ထံ ဇူလိုင် ၂ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီးပုံတော်တူ ကမ္ဘာ့ ဗုဒ္ဓဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် သီရိရတနာ (၂)လမ်းနေ ကျောင်းအုပ်ကြီး ဦးသိန်းငွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်း မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ကို ဓမ္မဇောတိဝိပဿနာရိပ်သာ ဂေါပကအဖွဲ့ထံ ဇူလိုင် ၃၀ ရက်က ပေးအပ်လှူဒါန်းစဉ်။ (၆၁)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၀) ဖြန့်ချီ

ရန်ကုန် ဇူလိုင် ၃၀

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၃၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အခန်းဆက်ခရီးသွားဆောင်းပါး၊ ကြိုနေမှာလား အွန်စော၊ ပါရမီတက္ကစီ မောင်းမလား စပေါ်ဆယ်သိန်း၊ အုံနာကြေး တစ်လတစ်သိန်း ငါးသောင်းနှင့် မောင်းနှင်နိုင်ပြီ၊ ဘတ်ငွေသန်း၂၀၀တန် ရနောင်းဆိပ်ကမ်းသစ်ဖွင့် မြန်မာအပါအဝင် တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်ရေးဂိတ်တံခါးဝ ဖြစ်လာမည်ဟုဆို၊ ကုန်သွယ်မှုလွယ်ကူစေရန် နယ်စပ်ပို့ကုန်လိုင်စင်များကို ၁၀၅မိုင် ကုန်သွယ်ရေးစခန်းတွင် နေ့ချင်းပြီး ပြုလုပ်ပေးမည် စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဒေါက်မြင့်ဖိနပ်စီးပြီး အပြေးပြိုင်သတဲ့၊ တရုတ်နိုင်ငံ ဂျပန်ကိုကျော်တက် တတိယအများဆုံးရိက္ခာ အလှူရှင်ဖြစ်လာ၊ အဲဘတ်စ် အေ-၃၈၀ စူပါဂျမ်ဘိုလေယာဉ် ပြဿနာသစ်ထပ်တွေ့၊ ညစ်ညမ်းလေထုထဲ၌ ကြာမြင့်စွာနေထိုင်ရသူ၌ နှလုံးရောဂါဖောက် အလားအလာပိုကြီးပုံရ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများနှင့် စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။

(က-ပ)

မြစ်ရေကြီးမှု အခြေအနေ

ရန်ကုန် ဇူလိုင် ၃၀

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန် ၀၆း၃၀နာရီ အချိန်တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၁ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀နာရီအချိန်တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၂ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ပေးအပ်လှူဒါန်း

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ နာယက ဦးအုံမောင်ထံသို့ မျိုးလက်မှုပစ္စည်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးထွဋ်၊ ဒေါ်ရီရီနွဲ့ မိသားစုက ငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လှည့်စားဇာတ်ကား ဆက်လက်ရုံတင် ရွှေ့ဆောင်ရုံတွင် မော်ဒန်အချစ်များ ပြသ

ရန်ကုန် ဇူလိုင် ၃၀

ဇူလိုင် ၃၁ရက် (တနင်္လာ)နေ့တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ ပြသဆဲ ရုပ်ရှင်ကားများ ဆက်လက်ပြသနေသည်။

လှည့်စား

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဖီးနစ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ သိန်းဟန်(ဖီးနစ်) ရိုက်ကူးသော **“လှည့်စား”** လှုပ်ရှားမှုအသားပေး ဟာသဇာတ်ကား ဆက်လက်ပြသနေသည်။ ၎င်းဇာတ်ကားတွင် ကျော်ရဲအောင်၊ ဒွေး၊ ခိုင်သင်းကြည်၊ ပြည့်ဖူးခိုင်တို့နှင့်အတူ ဟာသသရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။

မော်ဒန်အချစ်များ

ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူးသည့် မော်ဒန်အချစ်များဇာတ်ကားဆက်လက်ပြသနေသည်။ ဤဇာတ်ကားတွင် ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း၊ မေသဥ္ဇာဦးနှင့် ပိုင်းစုခိုင်သိန်းတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နေပြည်တော်ရုံတွင် ပြသဆဲ X-Men The Last Stand ဇာတ်ကား ဆက်လက်ပြသနေသည်။ ရွှေဂုံရုံ အပေါ်ထပ်တွင် နာမည်ကြီး အက်ရှင်မင်းသား စတားလုံးပါဝင်သည့် Cliff Hanger ဇာတ်ကား၊ မြေညီထပ်တွင် Ziddi အိန္ဒိယဇာတ်ကြမ်းကား ပြသနေသည်။

မြို့မရုံတွင် မြန်မာပရိသတ်အကြိုက် မင်းသားကြီး ရီရှီကပူးနှင့် အက်ရှင်မင်းသား စူနီရှက်တီလ်တို့ ပါဝင်သည့် Kuch Khatti-Kuch Khatti အိန္ဒိယဇာတ်ကား ဆက်လက်ပြသနေသည်။ (ကြေးမုံ)

ပြသဆဲ လှည့်စားဇာတ်ကားမှ ကျော်ရဲအောင်နှင့် ဒွေးတို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	မိုးလေဝသသတင်း
၆း၂၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သံယောဇဉ်” (အပိုင်း-၂)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မြိုင်ဟောဝန်ကသိုင်းလုလင်” (ဒုတွဲ) (အပိုင်း-၁၂)**
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၆ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင်ရူပဗေဒဘာသာနှင့် ဓာတုဗေဒဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့်မြို့များ၌ **၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့**တွင် ဖြေဆိုကြ ရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့် အချိန်ကိုသတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

နိုင်ငံတော်ပိုင် စက်မှုကဏ္ဍပွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဆက်လက်မြှင့်တင်နိုင်ရေး အမှတ်(၁)စက်မှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီး ကဏ္ဍအလိုက်ဆောင်ရွက်နေ

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထည်ချုပ်စက်ရုံ(ပခုက္ကူ) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်ချုပ်စက်ရုံ(ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူ-မြိုင်ကားလမ်း မိုင်တိုင်အမှတ် (၄/၂)အနီးရှိ အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❀

အထည်ချုပ်စက်ရုံ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် အထည်ချုပ်စက်ရုံ (ပခုက္ကူ) တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တောင်သူများ တစ်မိုးနှစ်သီးစိုက်ပျိုးကြရေးအတွက် ပညာပေးစည်းရုံး မွန်ပြည်နယ်တွင် သဘာဝကပေးသော အခြေအနေကောင်းများရှိနေ စပါး ပိုမိုတိုးချဲ့စိုက်ပျိုးပါက စီးပွားရေးတိုးတက်မြင့်မားလာမည်

နေပြည်တော် ဇူလိုင် ၃၀

ကရင်ပြည်နယ် ဘားအံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ဘားအံမြို့ရှိ သံလွင်တံတား(ဘားအံ)သို့ ရောက်ရှိပြီး သံလွင်တံတား(ဘားအံ)၏ တံတားကြံ့ခိုင်ကောင်းမွန်မှု၊ မြစ်ရေစီးဆင်းမှုအခြေအနေ၊ တံတားဝန်းကျင် မြစ်ကမ်းပါးများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ မြစ်ကြောင်းထိန်းသိမ်းရေးအတွက် ရေကာနံရံများ ပြန်လည်ပြုပြင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့ရှိ သံလွင်တံတား(ဘားအံ) တံတားကြံ့ခိုင်မှုနှင့် မြစ်ရေ စီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

၃၁ - ၇ - ၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။